# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ ဝါခေါင်လဆန်း ၁၀ရက်၊ ၂၀၁၀ ခုနှစ်၊ ဩဂုတ် ၂၀ရက်၊ သောကြာနေ့၊ အတွဲ(၄၉)၊ အမှတ်(၃၁၉)


**နိုင်ငံရေး ဦးတည်ချက်(၄)ရပ်**

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

**စီးပွားရေး ဦးတည်ချက်(၄)ရပ်**

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

**လူမှုရေး ဦးတည်ချက်(၄)ရပ်**

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

နေပြည်တော် ဩဂုတ် ၁၉

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၉၂/၂၀၁၀)ကို ယနေ့ရက်စွဲဖြင့် ထုတ်ပြန်ကြေညာလိုက်သည်။**

**အဆိုပါ ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည် -**

ပြည်ထောင်စုမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
နေပြည်တော်

ကြေညာချက်အမှတ် (၉၂/၂၀၁၀)
၁၃၇၂ခုနှစ်၊ ဝါခေါင်လဆန်း ၉ ရက်
(၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်)

**ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့နယ်၊ အမှတ်(၇)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ် (ထ၀/၈၀) တွင် ပါတီရုံးချုပ် ဖွင့်လှစ်ထားရှိသော ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီအား ၂၀၁၀ပြည့်နှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေပုဒ်မ ၉နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၄၁)ဖြစ်ပါသည်။

**အမိန့်အရ**
**(ပုံ)ဝင်းကို**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## နိုင်ငံရေးပါတီ မှတ်ပုံတင်ခွင့်များ စိစစ်ခွင့်ပြုလျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီများအနက် ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်ကြောင်း စိစစ်တွေ့ရှိရသဖြင့် ကော်မရှင်က ၂၀၁၀ခုနှစ် ဩဂုတ် ၁၉ရက်တွင် နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုလိုက်သည်။

ယနေ့အထိ နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် ဆက်လက်တည်ထောင်ခွင့် လျှောက်ထားသည့် ပါတီ (၄၇)ပါတီရှိပြီး နိုင်ငံရေးပါတီမှတ်ပုံတင်ခွင့်လျှောက်ထားသည့် ပါတီ (၄၂)ပါတီအနက် (၄၁)ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးဖြစ်ကြောင်းနှင့် ကျန်လျှောက်ထားသည့် ပါတီများကိုလည်း စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မှတ်ပုံတင်ခွင့်ရရှိပြီးသော နိုင်ငံရေးပါတီများက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ယင်းတို့၏ ပါတီဝင်အင်အားစာရင်းများ လာရောက်တင်ပြ

**နေပြည်တော် ဩဂုတ် ၁၉**

နိုင်ငံရေးပါတီများသည် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းနည်းဥပဒေ ၁၃(က)နှင့်အညီ ယင်းတို့စည်းရုံးရရှိပြီးသော ပါတီဝင်အင်အားစာရင်းများကို မှတ်ပုံတင်ခွင့်ရရှိသည့်နေ့ရက်မှစ၍ ရက်ပေါင်း (၉၀)အတွင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ တင်ပြရန်ရှိရာ ယနေ့တွင် ကရင်ပြည်နယ်ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ ပါတီဝင်အင်အားစာရင်း လာရောက်တင်ပြခဲ့သည်။

ယနေ့အထိ ကော်မရှင်က မှတ်ပုံတင်ခွင့်ပြုပြီးသည့်ပါတီ (၄၁)ပါတီရှိရာတွင် သတ်မှတ်ရက်အတွင်း ပါတီဝင်အင်အားစာရင်း တင်ပြပြီးသည့်ပါတီမှာ (၁၉)ပါတီရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



## ပဲခူးတိုင်း(အနောက်ပိုင်း)မှ နွေစပါးဧက ၅၀၀၀၀အတွက် စိုက်ပျိုးရေဝေလျှံစေမည့် သုံးဆယ်ရေလှောင်တမံ

**ရန်ကုန် ဩဂုတ် ၁၉**

ပဲခူးတိုင်း သာယာဝတီမြို့နှင့် သုံးဆယ်မြို့များရှိ လယ်မြေဧက ၅၀၀၀၀ကို နွေစပါး စိုက်ပျိုးရန် ရေပေးဝေမည့် သုံးဆယ်ရေလှောင်တမံစီမံကိန်းလုပ်ငန်းခွင်သို့ မြန်မာ့အလင်း သတင်းအဖွဲ့ မကြာမီက ရောက်ရှိခဲ့သည်။ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်၏ စီစဉ်ဆောင်ရွက်ပေးမှုဖြင့် တည်ဆောက်ရေး(၉) ဒုတိယညွှန်ကြားရေးမှူး ဦးမင်းအောင်သန်း၊ လက်ထောက် ညွှန်ကြားရေးမှူးများ ဖြစ်သော ဦးညီညီလွင်(မြို့ပြ)၊ ဦးသိန်းထွေး(စက်မှု)တို့နှင့် တွေ့ဆုံကာ သုံးဆယ်ရေလှောင်တမံ စီမံကိန်းသို့ လက်တွေ့ကွင်းဆင်း လေ့လာခဲ့ကြသည်။

*စာမျက်နှာ ၇ ကော်လံ ၁* ❐

**သာယာဝတီမြို့နယ် သင်တောရိုး ကျေးရွာအုပ်စု မျိုးသန့်စပါး ဧက ၅၀၀ စိုက်ခင်းကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။**

**သတင်းခရီးသည်နှင့် ဓာတ်ပုံမှတ်တမ်း**
**အောင်သန်း (မင်္ဂလာတောင်ညွန့်)**

**စာမျက်နှာဖွဲ့စည်းမှု**
**မိုးမိုးအောင် (မြန်မာ့အလင်း)**

မြန်မာ့အလင်း

## အယ်ဒီတာ့ အာဘော်

(၂၀၁၀ ခုနှစ် ဩဂုတ် ၂၀ ရက်)

# ဈေးကွက်ဝင် အရည်အသွေးကောင်းလက်ဖက် တိုးမြှင့်ထုတ်လုပ်

မြန်မာနိုင်ငံ၌ ရှေးနှစ်ပေါင်းများစွာကပင် လက်ဖက်စားသုံးမှုမှာ တွင်ကျယ်ခဲ့သည်။ လက်ဖက်ရွက်မှ တစ်ဆင့် လက်ဖက်စို၊ လက်ဖက်ခြောက်နှင့် လက်ဖက်အချိုခြောက်တို့အဖြစ် စားသုံးလာခဲ့သည်။

လက်ဖက်စားသုံးမှု တစ်နေ့တခြား များပြားလာသည့်အလျောက် လက်ဖက်စိုက်ပျိုးမှုကိုလည်း ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာခဲ့ကြပြီး အရည်အသွေးကောင်းသော လက်ဖက်ပင်များကို တိုးချဲ့စိုက်ပျိုး လုပ်ကိုင်လာခဲ့သည်။

မြန်မာနိုင်ငံ၌ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်တို့တွင် လက်ဖက်ကို အများဆုံးစိုက်ပျိုးလျက်ရှိသည်။ ချင်းပြည်နယ်ကို လက်ဖက်ပြည်နယ်ဖြစ်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။

မြန်မာနိုင်ငံအလယ်ပိုင်း မင်းဘူးခရိုင် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသနှင့် မန္တလေးတိုင်း မြင်းခြံခရိုင် ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပားတောင်ဥယျာဉ်ဒေသများတွင်လည်း လက်ဖက်စိုက်ပျိုးရေးလုပ်ငန်းကို အကောင်အထည်ဖော်လျက်ရှိသည်။ ပုပ္ပားတောင် ဥယျာဉ်ဒေသတွင် လက်ဖက်စိုက်ပျိုးရန် ရာသီဥတုနှင့်ကိုက်ညီ၍ စံပြလက်ဖက်စိုက်ခင်း စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ခဲ့သဖြင့် တိုင်းရင်းသား လုပ်ငန်းရှင်များကို လုပ်ကိုင်ခွင့်ပြုခဲ့သည်။

ယခုအခါ နေပြည်တော် ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသများတွင် လက်ဖက်စိုက်ပျိုးလာခဲ့ရာ ၂၀၀၉ခုနှစ်က ဧက ၂၀၀ စိုက်ပျိုးခဲ့ရာမှ ယခုအခါ တောင်ပေါ်ဒေသ၌ နှစ်စဉ် ဧက ၇၀၀ စိုက်ပျိုးသွားရန် လျာထားစိုက်ပျိုးလျက်ရှိသည်။

နေပြည်တော်ခရိုင် ရစ်ထွေကျေးရွာနှင့် ဂမုန်းတောင်ကျေးရွာတို့၌ ဩဂုတ် ၁၂ရက်က လက်ဖက်စိုက်တောင်သူများအားတွေ့ဆုံပွဲနှင့် လက်ဖက်ပျိုးပင်များပေးအပ်ပွဲကျင်းပခဲ့ရာ နေပြည်တော် ပျဉ်းမနားအရှေ့ခြမ်း တောင်ပေါ်ဒေသမှ လက်ဖက်စိုက်တောင်သူများ တက်ရောက်ခဲ့ကြသည်။

တောင်ယာများတွင် လက်ဖက်ကို စိုက်ပျိုးခြင်းဖြင့် ရာသီဥတုဆိုးရွားမှုကို ကာကွယ်နိုင်သည့်အပြင် ဂေဟစနစ်ပျက်စီးမှုကိုလည်း လျော့နည်းစေကာ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းနိုင်မည်ဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာ့နိုင်ငံအချို့၌ လက်ဖက်စားသုံးမှုမှာ တစ်နေ့တခြား တိုးပွားများပြားလာလျက်ရှိရာ ကမ္ဘာ့ဈေးကွက်ဝင် လက်ဖက်ကို တိုးမြှင့်စိုက်ပျိုးထုတ်လုပ်သွားနိုင်ပါက တောင်သူများ၏ တစ်ဦးချင်းဝင်ငွေ တိုးတက်ရရှိသည်သာမက နိုင်ငံ့စီးပွားသည်လည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## ဝါဏိဇ္ဇဘွဲ့ရများအသင်း ဟောပြောပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၉

ဝါဏိဇ္ဇဘွဲ့ရများအသင်း(မြန်မာနိုင်ငံ)မှ ကြီးမှူး၍ ဆရာဒေါက်တာဦးမြင့်က တရုတ်နိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှု၏ အိမ်နီးချင်းနိုင်ငံများအပေါ် အကျိုးသက်ရောက်မှုများ ခေါင်းစဉ်ဖြင့် International Business Center (IBC) ခန်းမ၌ ဩဂုတ် ၂၁ရက် (စနေနေ့)မွန်းလွဲ ၂နာရီတွင် ဟောပြောမည်ဖြစ်ရာ စိတ်ဝင်စားသူများ တက်ရောက်နိုင်ကြောင်းနှင့် အသေးစိတ်သိလိုပါက ဖုန်း-၀၉-၅၁၅၄၅၇၄၊ ၀၉-၅၀၈၁၃၄၆နှင့် အသင်းရုံး ဖုန်း-၂၉၁၆၆၇တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းသိရသည်။ (မြန်မာ့အလင်း)

## တိုင်းမှူး ဗိုလ်ချုပ်ကျော်ဆွေ ဂုန်လျှော်စိုက်တောင်သူများအားတွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၉

ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ကျော်ဆွေသည် ဩဂုတ် ၁၂ရက် နံနက်ပိုင်းက ပန်းတနော်မြို့နယ် မြစ်ဝကျေးရွာ ဂုန်လျှော်နှင့် လျှော်မျှင်များ လုပ်ငန်းဌာန၌ ချဉ်ပေါင်လျှော်၊ ဂုန်လျှော်ပင်နှင့် လျှော်မျှင်များကို ကြည့်ရှုစစ်ဆေး၍ ဂုန်လျှော်စိုက်တောင်သူများအား တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်းပေးသည်။ (ယာပုံ)

### ရှင်းလင်းတင်ပြ

ထို့နောက် ဝါးခယ်မမြို့နယ် အထက်ပေကုန်းကျေးရွာ ကျေးလက်ကျန်းမာရေးဌာန၌ ဌာနဆိုင်ရာများနှင့် ဒေသခံများအားတွေ့ဆုံရာ မြို့နယ်ဥက္ကဋ္ဌက မြစ်ကမ်းထိန်းလုပ်ငန်းဆောင်ရွက်မှုကို ရှင်းလင်းတင်ပြသည်။

### ကျောင်းသုံးပစ္စည်း

ယင်းနောက် တိုင်းမှူးက အခမ်းအနားတက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်စကားပြောကြားပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက အလှူငွေ၊ ပစ္စည်းများနှင့် ကျောင်းသုံးပစ္စည်းများကို ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)





## ယန္တရားများ ကြံ့ခိုင်မှုစစ်ဆေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင်နှင့်အဖွဲ့ ကျောက်မဲမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် ယာဉ်၊ စက်ယန္တရားများ ကြံ့ခိုင်ကောင်းမွန်မှုအခြေအနေကို ဇူလိုင် ၂၅ရက်က ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသောင်းထိုက်နှင့် အင်ဂျင်နီယာမှူး ဦးမောင်မောင်သွင်တို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

## မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၀-၈-၂၀၁၀ (သောကြာနေ့)

### နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ တရားတော်
၇:၁၀ ၃။ မိုးကုတ်ဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **ဘုန်းကံကြီးမား ထင်ရှားသာဓက**
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

### ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၄၀ ၃။ မြတ်နိုးကြစေ အမျိုးသားအမွေ
၄:၄၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄:၅၀ ၅။ မဟာဂီတ ချိုကြည်မြ
၅:၀၀ ၆။ မျိုးချစ်တပ်မတော်
၅:၀၅ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၅:၁၅ ၈။ အလွမ်းတေးပန်းချီချစ်သူဆီ
၅:၂၀ ၉။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၀။ သဘာဝပတ်ဝန်းကျင်နှင့် တောတွင်းတိရစ္ဆာန်များ **ရေထဲမှ သက်ရှိတို့၏ဘဝ** (အပိုင်း-၂) (ဇာတ်သိမ်း)
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၂၀ ၁၂။ အမျိုးသားရေးတေးကဗျာ
၆:၂၅ ၁၃။ လျှပ်တစ်ပြက်
၆:၃၀ ၁၄။ **ရွှာ** ဟာသဇာတ်လမ်းတွဲ
၆:၅၀ ၁၅။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၇:၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်နှစ်သည်းချာ** (အပိုင်း-၅၉)
၈:၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ နိုင်ငံတကာသတင်း
၁၉။ မိုးလေဝသသတင်း
၂၀။ အမျိုးသားရေးတေးကဗျာ
၂၁။ ရှင်သန်နေသောသီချင်းများ
၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **တိမ်လွှာကြားကသိုင်းသမား** (အပိုင်း-၇)
၂၄။ ကျန်းမာခြင်းရဲ့လျှို့ဝှက်ချက်



## ကျောက်ဖြူမြို့နယ်၌ ဒီရေတောပင်များ စိုက်ပျိုး

ကျောက်ဖြူ ဩဂုတ် ၁၉

ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာကမ်းခြေတွင် ဩဂုတ် ၁ရက်က ငါးသယံဇာတ တိုးပွားရေး၊ သဘာဝပတ်ဝန်းကျင်နှင့် ဂေဟစနစ်များအတွက် အရေးပါသော ဒီရေတောပင်များ စိုက်ပျိုးကြရာ ရခိုင်ပြည်နယ် ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးမျိုးအောင်နှင့် ကျောက်ဖြူခရိုင် ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူး ဦးထွန်းတင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြသည်။ (အောက်ပုံ)

### စိုက်ပျိုး

ထို့နောက် ငါးသယံဇာတထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များကိုဆွေးနွေးခြင်း၊ ငါးလုပ်ငန်းပညာပေး လက်ကမ်းစာစောင်များနှင့် ဒီရေတောပင် ပျိုးထောင်စိုက်ပျိုးခြင်းဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ကြသည်။ ဒီရေတောပင်များစိုက်ပျိုးရာတွင် ပြင်ဖြူမော်ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် ကျောင်းသား ကျောင်းသူများ ပါဝင်စိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ (ခရိုင် ပြန်/ဆက်)

20-8 (02).pmd 1 8/20/2010, 1:08 AM

# ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး စည်းဝေး

## ဝန်ကြီး ဦးသိန်းဇော် တက်ရောက်ဆွေးနွေးမှာကြား

**နေပြည်တော် ဩဂုတ် ၁၉**

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဦးသိန်းဇော်သည် ဩဂုတ်၁၇ရက် နံနက်ပိုင်းက ရန်ကုန်မြို့ ဟံသာဝတီ အပြည်ပြည်ဆိုင်ရာ အမြန်စာပို့လုပ်ငန်း အစည်းအဝေးခန်းမ၌ ကျင်းပသည့် ဆက်သွယ်ရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ **(ယာပုံ)**



### မှာကြား

ရှေးဦးစွာ တာဝန်ရှိသူများက ဆက်လက်တိုးချဲ့ဆောင်ရွက်မည့် လုပ်ငန်းစီမံကိန်းအမျိုးအစားအလိုက် ရှင်းလင်းတင်ပြကြသည်။ ထို့နောက် မန္တလေးမြို့နှင့် ပြင်ဦးလွင်မြို့တို့၌ တပ်ဆင်ဆောင်ရွက်သွားမည့် (FTTH) Fiber To The Home နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် ဝန်ကြီးက လုပ်ငန်းတစ်ခုချင်းအလိုက် လိုအပ်သည်များကို မှာကြားသည်။

### ကြည့်ရှုစစ်ဆေး

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် လှိုင်မြို့နယ်ရှိ ရတနာပုံတယ်လီပို့ (ရန်ကုန်ရုံးခွဲ)၌ တပ်ဆင်ထားရှိသည့် စက်ပစ္စည်းများ ဆောင်ရွက်ထားရှိမှုကိုလည်းကောင်း၊ ဟံသာဝတီအော်တိုအိတ်ချိန်း၌ အသစ်တိုးချဲ့တပ်ဆင်ထားသည့် IP Transit အိတ်ချိန်းနှင့် ဟံသာဝတီအော်တိုအိတ်ချိန်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မိုးစပါး ရေတော် မိုးတော် ထွန်တုံးပိတ်ပွဲ

## စစ်တွေမြို့၌ ကျင်းပ

**စစ်တွေ ဩဂုတ် ၁၉**

၂၀၁၀-၂၀၁၁ခုနှစ် ရခိုင်ပြည်နယ် မိုးစပါး ရေတော်မိုးတော် ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ အခမ်းအနားကို စစ်တွေမြို့နယ် မင်းဂံရပ်ကွက် ကန်တော်ကြီး မိုးစပါး စံပြစိုက်ကွက်၌ ဩဂုတ် ၁၅ရက် နံနက် ၈နာရီက ကျင်းပရာ အခမ်းအနားသို့ ဒေသခံတပ်နယ်မှ ဗိုလ်မှူးကြီးအောင်လင်းဒွေး တက်ရောက် အမှာစကားပြောကြားသည်။

### ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ရခိုင်ပြည်နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာက ကောက်စိုက်စွမ်းရည်ပြိုင်ပွဲ ကျင်းပရခြင်းနှင့် စည်းကမ်းချက်များ၊ အမှတ်ပေးစည်းမျဉ်းများကို ရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကို စတင်ခဲ့ရာ တက်ရောက်လာသူများက လှည့်လည်အားပေး၍ မိုးစပါးစံပြစိုက်ကွက်နှင့် စမ်းသပ်ကွက်များကို ကြည့်ရှုစစ်ဆေးသည်။

### ဆုများချီးမြှင့်

ယင်းနောက် ကောက်စိုက်စွမ်းရည်ပြိုင်ပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ကျင်းပရာ တာဝန်ရှိသူများက **(အောက်ပုံ)** ဆုများပေးအပ်ချီးမြှင့်သည်။ ဆက်လက်၍ အမျိုးသားကြီးပွားတိုးတက်ရေး ကုမ္ပဏီလီမိတက်နှင့် ရွှေသဇင်ဓာတ်မြေဩဇာ ရောင်းဝယ်ရေးတို့မှ တာဝန်ခံများက ဆုရရှိသူများကို ဓာတ်မြေဩဇာနှင့် ငွေသားများ ထပ်မံချီးမြှင့်ခဲ့ကြသည်။

(ခရိုင် ပြန်/ဆက်)



ပဲခူးတိုင်းစည်ပင်သာယာရေးအဖွဲ့မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးသိန်းလွင်နှင့်အဖွဲ့ ဩဂုတ် ၉ရက်က သနပ်ပင်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပုလဲသွယ်မြေသားလမ်းအား အဆင့်မြှင့်တင်ခြင်း ဂဝံလမ်းခင်းလုပ်ငန်း ဆောင်ရွက်နေမှုကို စစ်ဆေးရာ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးနိုင်လင်းဦး ရှင်းလင်းတင်ပြစဉ်။

(မြို့နယ်စည်ပင်)



# ကချင်ပြည်နယ် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ

## လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်၊ ဦးအင်ဖော်နော်နှင့် ကချင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲ၊ ခရိုင်၊ မြို့နယ်၊ရပ်ကွက်/ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၁၁ရက် မွန်းလွဲ၁နာရီက မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်နှင့် ဦးအင်ဖော်နော်၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ အတွင်းရေးမှူး ဦးကံဝင်းနှင့် အဖွဲ့ဝင်များ၊ မြစ်ကြီးနားခရိုင်၊ မိုးညှင်းခရိုင်၊ ဗန်းမော်ခရိုင်နှင့် ပူတာအိုခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

### တင်ပြ

အစီအစဉ်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က အမှာစကား ပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးညွန့်ရွှေက လုပ်ငန်းဆောင်ရွက်ထားရှိမှု အခြေအနေကိုလည်းကောင်း၊ အတွင်းရေးမှူး ဦးကံဝင်းက ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ ပြည်နယ်လွှတ်တော်နှင့် တိုင်းရင်းသားလူမျိုးစု မဲဆန္ဒနယ် လျာထားသတ်မှတ်မှုများကိုလည်းကောင်း ရှင်းလင်းကြသည်။ ဆက်လက်၍ ခရိုင်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက ခရိုင်အလိုက်လုပ်ငန်း ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးများက ရပ်ကွက်၊ ကျေးရွာအုပ်စုအလိုက် မဲစာရင်းပြုစုထားရှိမှု၊ မဲရုံဆောင်ရွက်မည့် နေရာနှင့် မဲပုံးလျာထားသတ်မှတ်မှု အခြေအနေများကို လည်းကောင်း တင်ပြကြသည်။

### ပြန်လည်ရှင်းလင်း

ထို့နောက် တက်ရောက်လာကြသည့် ကော်မရှင်အဖွဲ့ခွဲဝင်များ၏ တင်ပြချက်များအပေါ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးမြင့်နိုင်က ပြန်လည်ရှင်းလင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှု ၂၀၉ မှုမှ တရားခံ ၃၃၂ ဦး အရေးယူခဲ့

**နေပြည်တော် ဩဂုတ် ၁၉**

ဇူလိုင်လအတွင်း မူးယစ်ဆေးဝါးအမှုပေါင်း ၂၀၉မှု ဖမ်းဆီးနိုင်ခဲ့ပြီး ဘိန်း ၂၂မှု (အလေးချိန် ၈၄ဒသမ၁၃၆၃ကီလိုဂရမ်)၊ ဘိန်းဖြူ ၇၅မှု (အလေးချိန် ၁ဒသမ၁၀၉၈ ကီလိုဂရမ်)၊ ဘိန်းဆီခဲ ၁၁မှု (အလေးချိန် ၁၃ဒသမ၄၆၀၇ ကီလိုဂရမ်)၊ အဆင့်နိမ့်ဘိန်း ၁၃မှု (အလေးချိန် ၁၁ဒသမ၄၈၀၁ ကီလိုဂရမ်)၊ ဆေးခြောက် ၁၂မှု (အလေးချိန် ၃၇ ဒသမ ၇၄၈ ကီလိုဂရမ်)၊ စိတ်ကြွရူးသွပ်ဆေးပြားမှု ၆၀ (၉၃၃၉၅ ပြား)၊ ဘိန်းစာမှုန့် ခုနစ်မှု(၆၂ဒသမ၇၁၅ကီလိုဂရမ်)၊ ဘိန်းရည်တစ်မှု (အလေးချိန် ၁၀၃ဒသမ၆၂လစ်တာ)၊ ဆူဒိုအက်ဖီဒရင်း နှစ်မှု (ဆေးပြား ၇၉၈၆၂၀ပြား)၊ အက်ဖီဒရင်း တစ်မှု (အလေးချိန် ၁ဒသမ၀၀၃ ကီလိုဂရမ်)၊ ဖင်ဆီဒိုင်း တစ်မှု (အလေးချိန် ၄ဒသမ၄လစ်တာ)၊ စိတ်ကြွဆေးအကြေမှုန့် တစ်မှု (အလေးချိန် ၀ဒသမ ၀၀၇၆ ကီလိုဂရမ်)၊ မှတ်ပုံတင်ပျက် တစ်မှု၊ အခြားအမှု နှစ်မှုတို့ဖြစ်သည်။

### အရေးယူ

အမှုပေါင်း၂၀၉မှု ဖမ်းဆီးခဲ့ရာတွင် တရားခံ ကျား၂၇၉ဦးနှင့် တရားခံ မ ၅၃ဦး စုစုပေါင်း ၃၃၂ဦးတို့ကို ဥပဒေအရ အရေးယူခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စပါးခင်းများနှင့် သဘာဝရေပြင်များအတွင်း ငါးမျိုးစိုက်ထည့်ပွဲ အင်္ဂပူမြို့နယ်၌ကျင်းပ

**အင်္ဂပူ ဩဂုတ် ၁၉**

ဧရာဝတီတိုင်း ငါးလုပ်ငန်းဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ဟင်္သာတခရိုင် အင်္ဂပူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနသည် ငါးသယံဇာတများ မျိုးပြုန်းတီး ပျောက်ကွယ်မှု မရှိစေရန်အတွက် အင်္ဂပူမြို့နယ် ထန်းပင်ကံကျေးရွာရှိ စပါးစိုက်ကွင်းများနှင့် ဘွက်ကျေးရွာ သဘာဝရေပြင်များအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းအခမ်းအနားကို ဩဂုတ်၁၅ရက် နံနက်၈နာရီခွဲကကျင်းပရာ ဟင်္သာတခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးသန်းစိန်၊ အင်္ဂပူမြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဦးလှထွန်း၊ ငါးလုပ်ငန်းစခန်းတာဝန်ခံ ဦးမင်းမင်းနှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများ တက်ရောက်ကြသည်။



### စိုက်ထည့်

အခမ်းအနားတွင် ခရိုင်ဦးစီးမှူး ဦးသန်းစိန်နှင့် မြို့နယ်ဦးစီးမှူး ဦးလှထွန်းတို့က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွှမ်းမိုးဟန်နှင့် ဒေသခံတောင်သူများသို့ မျိုးစိုက်ထည့်မည့် ငါးသားပေါက်များကို လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် စပါးခင်း ၁၅၃ ဧကအတွင်းသို့ ငါးခုံးမကြီးနှင့် တီလားဗီးယားငါးသားပေါက် ၇၆၅၀၀၊ စပါးခင်းများနှင့် သဘာဝရေပြင်များအတွင်းသို့ ငါးမြစ်ချင်းငါးသားပေါက်ကောင်ရေ နှစ်သိန်း မျိုးစိုက်ထည့်ခဲ့ကြသည်။ **(ဝဲပုံ)**

(၁၇၇)



ဩဂုတ်၁၅ရက်က ကမာရွတ်မြို့နယ် အမှတ်(၄)အခြေခံပညာမူလတန်းကျောင်း မဏ္ဍူသကခန်းမ၌ ၂၀၀၉-၂၀၁၀ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအုန်းသွင်က မောင်သက်ဝင်းမောင်အား စတုတ္ထတန်း အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲ ဗဟိုအဆင့် ဒုတိယဆုရရှိအောင် သင်ကြားပေးသော ကျောင်းအုပ်ဆရာမကြီး ဒေါ်မြမြဝင်းကို အင်္ဂလိပ်စာသင်ပြမှု ထူးချွန်ဆုချီးမြှင့်စဉ်။ (မြို့နယ် ပြန်/ဆက်)

ငါးရစ်
ငါးသန်
ဘေးမဲ့ချန်
ပုံမှန်စားသုံး
မျိုးမသုဉ်း

# အေဒင်ပင်လယ်ကွေ့မှ မသက်ာဖွယ် စားပြသင်္ဘောအား

## အီးယူရေတပ်သင်္ဘော ပစ်ခတ်ဖမ်းဆီးခဲ့ဟုဆို

နိုင်ရိုဘီ ဩဂုတ် ၁၉

အေဒင်ပင်လယ်ကွေ့အရှေ့ပိုင်းတွင် လောင်စာဆီများတင်ဆောင်ထားသည့် မသင်္ကာဖွယ် ပင်လယ်ဓားပြသင်္ဘောငယ်တစ်စင်းကို ဥရောပသမဂ္ဂ(အီးယူ) ရေတပ်(နက်ဖော) စစ်သင်္ဘောတစ်စင်းက ပစ်ခတ်ဖမ်းဆီးခဲ့ရကြောင်း ဩဂုတ် ၁၈ရက်တွင် အီးယူရေတပ်အရာရှိတစ်ဦးက ပြောကြားသည်။



ထိုဒေသ၌ လုံခြုံရေးတာဝန်ကျသည့် အီးယူရေတပ်က မသင်္ကာဖွယ် အဆိုပါသင်္ဘောကို စစ်ရဟတ်ယာဉ်ဖြင့် ထောက်လှမ်းပြီးနောက် ယင်းသို့ စတင်ဆောင်ရွက်ခြင်း ဖြစ်သည်။

**သိမ်းဆည်း**

ဆိုမာလီ ပင်လယ်ဓားပြသင်္ဘောကို ရပ်တန့်ခိုင်းသော်လည်း မရသဖြင့် စစ်သင်္ဘောက သတိပေး အမြောက်သုံးကြိမ် ဆက်တိုက်ပစ်ခတ်ခဲ့ရသည်။ သို့သော် ပင်လယ် ဓားပြသင်္ဘောက ရပ်မပေးသဖြင့် အီးယူရေတပ်ရေယာဉ်စုမှူး ကိုယ်တိုင်လိုက်ပါသည့် အက်ဖ်အက်စ်ဒီဂရပ်သင်္ဘောဖြင့် လိုက်လံဖမ်းဆီးရာမှ ဖမ်းမိခဲ့ကြောင်း သိရသည်။

**အမ်အင်န်အေ၊ဆင်ဟွာ**

**အိန္ဒိယသမုဒ္ဒရာအတွင်းရှိ အလွန်ထူးဆန်းပြီး ဖောက်ထွင်းမြင်နိုင်သော ပင်လယ်ရေရှူ တစ်ကောင်ကို ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။**

(အင်တာနက်ဓာတ်ပုံ)

# ဖိလစ်ပိုင်မြောက်ပိုင်း၌ ဘတ်စ်ကားတိမ်းမှောက် ၃၉ဦး သေဆုံးရ



**မနီလာ ဩဂုတ် ၁၉**

ဖိလစ်ပိုင်နိုင်ငံမြောက်ပိုင်း ဘန်ဂက်ပြည်နယ်တွင် ဩဂုတ် ၁၈ရက် နံနက်ပိုင်းက ခရီးသည်တင် ဘတ်စ်ကားတစ်စီး တိမ်းမှောက်မှုကြောင့် ၃၉ဦးသေဆုံးပြီး ရှစ်ဦးမှာ ဒဏ်ရာပြင်းထန်စွာ ရရှိသွားကြောင်း ဒေသဆိုင်ရာ ရေဒီယိုဌာနက သတင်းထုတ်ပြန်သည်။ **(ဝဲပုံ)**

၎င်းဘတ်စ်ကားသည် ဘန်ဂက်ပြည်နယ် ဆဘ်လန်မြို့ရှိ ဇစ်ဇာဂတ် အဝေးပြေး လမ်းမပေါ်တွင် အရှိန်မထိန်းနိုင်ဘဲ ၁၀မီတာ အနက်ရှိသော လျှိုတစ်ခုအတွင်းသို့ ထိုးဆင်းသွားခဲ့ခြင်း ဖြစ်သည်။ ယင်းဘတ်စ်ကားသည် ဒေသစံတော်ချိန် ၉ နာရီခွဲခန့်တွင် တိမ်းမှောက်ခြင်းဖြစ်ပြီး ကားပေါ်တွင် ခရီးသည် ၄၇ဦး လိုက်ပါလာကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# အယ်လ်ဂျီးရီးယားတွင် လေယာဉ်ပျက်ကျ နိုင်ငံခြားသားနှစ်ဦးသေဆုံး

**အယ်လ်ဂျီးရီးယား ဩဂုတ် ၁၉**

အယ်လ်ဂျီးရီးယားနိုင်ငံမြောက်ပိုင်း ဘိုမန်ပြည်နယ်တွင် ဩဂုတ် ၁၇ရက် နံနက်ပိုင်းက နိုင်ငံခြားကုမ္ပဏီတစ်ခုမှ လေယာဉ်တစ်စင်းပျက်ကျခဲ့ရာ နိုင်ငံခြားသားနှစ်ဦးသေဆုံးပြီး အခြားသူများဒဏ်ရာရရှိခဲ့ကြောင်း အေပီအက်စ်သတင်းဌာနမှ အရာရှိက ပြောကြားသည်။ အဆိုပါဖြစ်ပွားမှုမှာ ဘိုမန်ဆင်ခြေဖုံးရပ်ကွက်တွင် ပျက်ကျခဲ့ခြင်းဖြစ်ရာ ဒဏ်ရာရရှိသူများကို ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သည်။ ၎င်းလေယာဉ်သည် ပျက်ကျပြီးနောက် ဦးခေါင်းပိုင်းမှာ မြေကြီးနှင့် ရိုက်ခတ်မိခဲ့သည်။ သေဆုံးသူနိုင်ငံခြားသားများမှာ လျှပ်စစ်ကုမ္ပဏီမှ အလုပ်သမားများဖြစ်ကြောင်း သိရသည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

# ပါကစ္စတန် ရေဘေး တူရကီကုန်တင်လေယာဉ် စေလွှတ်ကူညီ

**အင်ကာရာ ဩဂုတ် ၁၉**

ပါကစ္စတန်နိုင်ငံ ရေဘေးဒုက္ခသည်များထံသို့ တူရကီနိုင်ငံမှ ကယ်ဆယ်ရေးပစ္စည်း ၃၅တန် တင်ဆောင်လာသော လေးစင်းမြောက် ကုန်တင်လေယာဉ်ဖြင့် ကုန်ပစ္စည်းများ ပို့ဆောင်ပေးခဲ့ကြောင်း အစိုးရအာဘော်တစ်ပိုင်းဖြစ်သော အနာတိုလီ သတင်းဌာနက ဩဂုတ် ၁၇ရက်တွင် ဖော်ပြထားသည်။

**သေဆုံး**

ပါကစ္စတန်နိုင်ငံတွင် ရေလွှမ်းမိုးမှုကြောင့် သုံးပတ်အတွင်း လူ ၁၆၀၀သေဆုံးခဲ့ရပြီး ကျန်ရှိနေသေးသည့် ရေဘေးဒုက္ခသည်များအတွက် တူရကီနိုင်ငံမှ ဆေးရုံနှစ်ရုံကိုလည်း ယခုအပတ်အတွင်း တည်ဆောက်ပေးမည်ဖြစ်သည်။ နိုင်ငံ၏ အနောက်မြောက်ပိုင်းတွင် မုတ်သုံမိုးရွာသွန်းခဲ့ရာမှ ရေကြီးလာသဖြင့် လူသန်းပေါင်းများစွာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။

တူရကီနိုင်ငံ အင်ကာရာမြို့မှ ဩဂုတ် ၁၇ရက် နောက်ပိုင်းတွင် လေးစင်းမြောက် ကုန်တင်လေယာဉ်ကို ပို့ဆောင်ပေးခဲ့ပြီး စောစောပိုင်းတွင် ရွက်ဖျင်တဲများ၊ အဝတ်အစားများ၊ အစားအစာများနှင့် ဆေးဝါးများကို ကုန်တင်လေယာဉ် သုံးစင်းဖြင့် ပို့ဆောင်ပေးခဲ့ကြောင်းသိရသည်။

**အမ်အင်န်အေ၊ ဆင်ဟွာ**

# ရိုမေးနီးယား ၇၉ဦး ပြင်သစ်နှင်ထုတ်

*ဘူခါရက် ဩဂုတ် ၁၉*

*ပြင်သစ်နိုင်ငံအတွင်း တရားမဝင် လာရောက်နေထိုင်ကြသည့် ရိုမေးနီးယားနိုင်ငံသား ၇၉ဦးအား ဩဂုတ် ၁၉ရက်က နှင်ထုတ်လိုက်ကြောင်း ပြင်သစ်ပြည်ထဲရေးမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။* (အင်တာနက်)

# အိန္ဒိယမြောက်ပိုင်း၌ စာသင်ကျောင်းပြိုကျ ကလေး ၁၈ ဦးသေဆုံး

*နယူးဒေလီ ဩဂုတ် ၁၉*

*အိန္ဒိယနိုင်ငံမြောက်ပိုင်းရှိ အက်တာရာခမ်းပြည်နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် စာသင်ကျောင်း အဆောက်အအုံပြိုကျသဖြင့် အနည်းဆုံး ကလေး ၁၈ဦး သေဆုံးကြောင်း တာဝန်ရှိသူများက ပြောကြားသည်။*

*ပြိုကျသွားသော အဆောက်အအုံအောက်မှ ကလေးခြောက်ဦးအား ဆွဲထုတ်ကယ်ဆယ်လိုက်နိုင်ပြီး ကလေးအများအပြားမှာ အဆောက်အအုံအောက်အတွင်း၌ ကျန်ရှိနေသေးကြောင်း သိရသည်။ အဆိုပါအဖြစ်အပျက်သည် ဆန်ဂတ်ကျေးရွာတွင် ဖြစ်ပွားခြင်းဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေဆဲဖြစ်ကြောင်း သိရသည်။* (အင်တာနက်)

# ဂျပန်ရဟတ်ယာဉ်တစ်စင်း ပင်လယ်အတွင်းသို့ ပျက်ကျ

*တိုကျို ဩဂုတ် ၁၉*

*ဂျပန်နိုင်ငံပိုင် ပို့ဆောင်ရေးဝန်ကြီးဌာနပိုင် ရဟတ်ယာဉ်တစ်စင်းသည် ဂျပန်နိုင်ငံအနောက်ပိုင်း ပင်လယ်အတွင်းသို့ ဩဂုတ် ၁၈ရက် မွန်းလွဲပိုင်းက ပျက်ကျသွားသည့်အတွက် လေးဦးသေဆုံးသွားကြောင်း ကမ်းခြေစောင့်အရာရှိများက ပြောကြားသည်။*

*အဆိုပါလေယာဉ်သည် ဟီရိုရှီးမားလေဆိပ်မှ ဒေသစံတော်ချိန် ၁နာရီ ၄၅မိနစ်တွင် စတင်ပျံသန်းလာခြင်းဖြစ်ပြီး စက်ချွတ်ယွင်းမှုကြောင့် ၃ နာရီခန့်တွင် ပျက်ကျခဲ့ကြောင်းသိရသည်။ ပင်လယ်အတွင်းမှ လူငါးဦးအား ဂျပန်ကမ်းခြေစောင့် အဖွဲ့ဝင်များက ကယ်ဆယ်နိုင်ခဲ့သည်။* (အင်တာနက်)



တရုတ်နိုင်ငံ အရှေ့မြောက်ပိုင်း ကျင်လင်းပြည်နယ် ချန်ချွမ်း မြို့နယ်၌ စိုက်ပျိုးရေး ထုတ်ကုန်ပြပွဲ ကျင်းပရာ ဖရောမဖရုံသီးကြီးများ စိုက်ပျိုးပြသထားသည်ကို ဩဂုတ် ၁၉ရက်က တွေ့ရစဉ်။

(အင်တာနက် ဓာတ်ပုံ)

## နောက်ဆုံးရ နိုင်ငံတကာသတင်းများ

မောင်ချစ်ကြည် - စုစည်းသည်

### ဘရာဇီးတောမီးလောင်မှု ယခုနှစ်တွင် ပိုများလာ

*ဘရာဇီးနိုင်ငံတွင် ၂၀၀၉ခုနှစ် ဇန်နဝါရီ ၁ရက်မှ ဩဂုတ် ၁၆ရက်အတွင်း တောမီးလောင်မှု ၅၂၂၈ကြိမ် ရှိခဲ့သော်လည်း ယခုနှစ် ထိုကာလပိုင်းအတွင်းတွင် ၃၀၈၂၅ ကြိမ်အထိရှိခဲ့ရာ ယမန်နှစ်ကထက် ပိုမိုများပြားလာကြောင်း သုတေသနဌာနက ဩဂုတ် ၁၇ရက်တွင် ကြေညာသည်။*

### တရုတ်အနောက်တောင်ပိုင်း ထပ်မံမြေပြို

*တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ယူနန်ပြည်နယ်၌ မိုးသည်းထန်စွာ သုံးလေးရက် ရွာသွန်းပြီးနောက် ပူလာတီမြို့နယ်တွင် ထပ်မံမြေပြိုမှု ကြုံတွေ့လာသဖြင့် လူ ၉၀ ပျောက်ဆုံးနေကြောင်း အင်တာနက်သတင်း၌ ဖော်ပြပါရှိသည်။*

### ဆေးဝါးများ ပူးပေါင်းထုတ်လုပ်မည်

*အမေရိကန်နှင့် အီဂျစ်နိုင်ငံတို့က ဆေးဝါးထုတ်လုပ်ဖြန့်ဖြူးရေးတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည်ဖြစ်ကြောင်း ဩဂုတ် ၁၈ရက်တွင် ထုတ်ပြန်ကြေညာသည်။*

### တောင်ကိုရီးယား ငါးဖမ်းသင်္ဘောနစ်မြုပ်၍ သုံးဦးသေ

*နယူးဇီလန်ကမ်းလွန်တွင် ဩဂုတ် ၁၈ရက်က တောင်ကိုရီးယား ငါးဖမ်း သင်္ဘော တိမ်းမှောက်ရာတွင် သုံးဦးသေဆုံးပြီး၊ အခြားသုံးဦး ပျောက်ဆုံးနေဆဲဖြစ်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဌာနက ကြေညာသည်။*

### ဖြိတိန်၌ ရထားလမ်းချော်၊ ၁၈ဦး ဒဏ်ရာရ

*ဗြိတိန်အရှေ့ပိုင်း ဆပ်ဖို့ပြည်နယ်တွင် ဩဂုတ် ၁၇ရက်က ရထားတစ်စင်း လော်ရီကားနှင့်တိုက်မိပြီး လမ်းချော်သွားသည့်အတွက် ခရီးသည် ၁၈ဦး ဒဏ်ရာရရှိသွားသည်။ လေးဦးမှာ ဒဏ်ရာပြင်းထန်သည်ဟု ဆို၏။*

### ကလေးငယ်များကို ကူညီစောင့်ရှောက်မည်

*လက်တင်အမေရိကမှ ကလေးငယ်များကို ကူညီထောက်ပံ့မည့် မူဝါဒသစ်များ ချမှတ်အကောင်အထည်ဖော်ရေးအတွက် လက်တင်အမေရိကနိုင်ငံများအား ယူဂန္ဓာသမ္မတ ဟိုဆေးမူဂျီကာနှင့် ချီလီသမ္မတဟောင်း မစ်ချယ်ဘာချီလက်တို့က ဩဂုတ် ၁၇ရက်တွင် တိုက်တွန်းနှိုးဆော်လိုက်သည်။*

### အားကစားပညာရေး ဆွီဒင်ကျောင်းများ၌ သင်ကြားမည်

*၂၀၁၂ခုနှစ် ဆောင်းဦးရာသီတွင် ဆွီဒင်နိုင်ငံရှိ အလယ်တန်းကျောင်းများ၌ ပြေးခုန်ပစ် အားကစားပညာရေးကို စတင်သင်ကြားပေးရန် စီစဉ်လျက်ရှိကြောင်း ပညာရေးဝန်ကြီး ဂျန်ဂျောက်ကလန်က ဩဂုတ် ၁၇ရက်တွင် ပြောကြားသည်။*

### ကူဝိတ်သို့ စစ်လျော်ကြေး အီရတ်ပေးရန် ကျန်ရှိ

*ကူဝိတ်နိုင်ငံအတွင်း ၁၉၉၀ပြည့်နှစ်က ကျူးကျော်တိုက်ခိုက်ခဲ့သည့်အတွက် စစ်လျော်ကြေးပေးနေရသည့် အီရတ်နိုင်ငံအနေဖြင့် ကူဝိတ်သို့ ထပ်မံပေးရန် စစ်လျော်ကြေး ဒေါ်လာ ၂၂ ဒသမ ၃ ဘီလီယံ အကြွေးတင်လျက်ရှိသည်။*

### ဆေးရုံမီးလောင်မှု ကလေးငယ်လေးဦးသေဆုံး

*ရိုမေးနီးယားနိုင်ငံ ဘူခါရက်မြို့တော်ရှိ ဆေးရုံတစ်ရုံ၌ မွေးကင်းစကလေးငယ်လေးဦးသေဆုံးပြီး ခုနစ်ဦးပြင်းထန်စွာဒဏ်ရာရစေသည့် မီးလောင်မှုကို ယခုအခါ စတင်စုံစမ်းစစ်ဆေးနေပြီဖြစ်ကြောင်း သက်ဆိုင်ရာက ထုတ်ပြန်ကြေညာသည်။* (အောက်ပုံ)



# တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦး မြိတ်ခရိုင် ဒေသဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး

**နေပြည်တော် သြဂုတ် ၁၉**

မြိတ်မြို့ မဇောကျေးရွာ မိုးစပါး စုပေါင်းမြေသြဇာကြဲပက်ပွဲ အခမ်းအနားကို သြဂုတ် ၁၁ရက် နံနက် ၉နာရီက ကျင်းပရာ တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်ခင်ဇော်ဦးနှင့် တက်ရောက်လာကြသူများက မိုးစပါး စုပေါင်း မြေသြဇာ ကြဲပက်နေမှုနှင့် မဇောကျေးရွာ မိုးစပါးစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုအားပေးကြ ပြီး တိုင်းမှူးသည် ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

### ဖြည့်ဆည်းဆောင်ရွက်

ဆက်လက်၍ ဘန်းလမွတ်ကျေးရွာ တောင်သူတစ်ဦး၏ ရော်ဘာသီးညှပ်စပါးစိုက်ပျိုးထားရှိမှုကို ကြည့်ရှုပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

### အားပေး

တိုင်းမှူးသည် သြဂုတ်၁၃ရက်က မြိတ်မြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း အဆင့်မြင့်စက်ချုပ်သင်တန်းနှင့် အခြေခံ အိမ်တွင်းမှုသင်တန်း သင်တန်းဆင်းပွဲ အခမ်းအနားသို့ တက်ရောက်၍ အမှာစကားပြောကြားပြီးနောက် သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဆုများပေးအပ်ချီးမြှင့်ပြီး ကျောင်းအုပ်ဆရာမကြီးက သင်တန်းဆင်း အောင်လက်မှတ်များ ပေးအပ်သည်။ အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သင်တန်းသူများ၏ လက်ရာအဝတ်အထည်များကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## လှူဒါန်း

**ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ် ၁၅၁ ဒုတိယထပ်(ဝဲ) ၁၆လမ်းနေ ဖခင် ဦးချစ်လှိုင်၊ မိခင် ဒေါ်ဝင်းမြင့်နှင့် သား မောင်ကျော်ဝင်းတို့အား ရည်စူး၍ ကျန်ရစ်သူသားသမီးတစ်စုက ရွှေတိဂုံစေတီတော်မြတ်ကြီး ရွှေစင်ရွှေပြားကပ်လှူရန်အတွက် အလှူငွေကျပ် ၁၅၆၀၀၀၀လှူဒါန်းရာ ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့ အဖွဲ့ဝင် ဦးသောင်းညွန့်က လက်ခံယူစဉ်။**

(မြန်မာ့အလင်း)

## စက်တင်ဘာလထုတ် တေဇရပ်စုံထွက်ရှိ

**ရန်ကုန် သြဂုတ် ၁၉**

အလက(၄) ရန်ကင်း ကျောင်းသား ကျောင်းသူလေးများ၏ ရွှတ်ဖတ်ပူဇော် ဒေသနာတော် မျက်နှာဖုံးဓာတ်ပုံနှင့်အတူ ကိုကိုခန့်ချော(ကသာမြေ)၊ မောင်လူဝေးတို့၏ ကဗျာများ၊ ရွှေကိုဦး၊ လွမ်းမောင်(သုဝဏ္ဏ)၊ သိင်္ဂါ၊ အောင်အောင်ထွေး၊ မြေဇာ၊ ကျော်ထွဏ်းတို့၏ တေဇတို့အရွယ် ကလေးငယ်တို့အတွက် ပညာပေး လက်ရာမြောက်ကာတွန်းများ၊ မင်းထွန်းဦးနှင့် မောင်မိုးတို့၏ ဆောင်းပါးများ၊ အေးမြဆွေ (သတ္တဗေဒ)၏ ပုံပြင်ရှည်၊ Waddi Oo ၏ English for Tayza ကဏ္ဍ၊ ကာတွန်းမောင်ဒင်၏ အဖြေညီစရာ ပဟေဠိပါ ကလေးတို့၏အတွေး၊ ကလေးတို့၏ အရေး ကဗျာတိုလေးများကို အားပါးတရဖတ်ရှုကြရမည်ဖြစ်ပြီး တေဇရပ်စုံ စာစီစာကုံးပြိုင်ပွဲ ဆုရစာရင်းနှင့် တတိယဆုရကျောင်းသားလေး မောင်ထက်မြတ်နိုင်၏ ဆုရစာစီစာကုံးပါရှိသည်။

### ဝယ်ယူနိုင်

တေဇရပ်စုံစာစောင်ကို အမှတ်(၁၈၁) ၃၂လမ်း ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃တို့သို့ မှာကြားဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**





# အောက်မြန်မာပြည်တက္ကသိုလ်နှင့်ဒီဂရီကောလိပ်များ အမျိုးသားစားပွဲတင် တင်းနစ်ပြိုင်ပွဲ ဖွင့်ပွဲကျင်းပ

**ရန်ကုန် သြဂုတ် ၁၉**

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်) တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များ၏ အမျိုးသား စားပွဲတင် တင်းနစ်ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို ယမန်နေ့ နံနက် ၈နာရီခွဲက ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ကျင်းပရာ အားကစားနှင့်ပညာရေးပေါင်းစပ်မှု ဦးစီးကော်မတီဥက္ကဋ္ဌ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မျိုးမင်းက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အဆင့်မြင့်ပညာဦးစီးဌာန(အောက်မြန်မာပြည်) ညွှန်ကြားရေးမှူးချုပ်ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာအောင်မင်းက အဖွင့်အမှာစကားပြောကြားသည်။**(အပေါ်ပုံ)**

### အားပေး

ယင်းနောက် ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင် အားကစား အသင်းများ၏ ပထမနေ့ပွဲစဉ်များ စတင်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

### ဆက်လက်ကျင်းပ

အဆိုပါ ပြိုင်ပွဲသို့ အဆင့်မြင့်ပညာဦးစီးဌာန (အောက်မြန်မာပြည်)ရှိ တက္ကသိုလ်နှင့် ဒီဂရီကောလိပ်များမှ အသင်း ၁၅သင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို သြဂုတ် ၂၀ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။

**(သတင်းစဉ်)**

# ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့

**ရန်ကင်းမြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ၂၀၁၀ခုနှစ် အာဟာရရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ရပ်ကွက်များတွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရပညာပေးဆွေးနွေးပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်စန်းမြင့်နှင့်အဖွဲ့ဝင်များက ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များအား အာဟာရအစားအစာနှင့် ဆေးများထောက်ပံ့ပေးအပ်စဉ်။** (၁၇၀)



# ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် ဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်

**နေပြည်တော် သြဂုတ် ၁၉**

အောက်တိုဘာ ၅ရက်တွင် ကျရောက်မည့် ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ၂၀၁၀ခုနှစ် ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဆရာ ဆရာမများ ဆောင်းပါးပြိုင်ပွဲကို အဆင့်မြင့်ပညာအဆင့်၊ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့်ဟူ၍ အဆင့်လေးဆင့်ခွဲ၍ ကျင်းပမည်ဖြစ်သည်။

### ပါဝင်ယှဉ်ပြိုင်

တက္ကသိုလ်၊ ကောလိပ်များမှ ဆရာ ဆရာမများနှင့် အငြိမ်းစားယူပြီးသော ဆရာ ဆရာမများသည် အဆင့်မြင့်ပညာအဆင့်တွင်လည်းကောင်း၊ မြို့နယ်ပညာရေးမှူးနှင့် အထက်အဆင့်ရှိ အရာထမ်းများ၊ အခြေခံပညာကျောင်းအုပ်ကြီးများ၊ အထက်တန်းပြ၊ အလယ်တန်းပြ၊ မူလတန်းပြများနှင့် အငြိမ်းစား ဆရာ ဆရာမများသည် သက်ဆိုင်ရာ အခြေခံပညာအဆင့်တွင်လည်းကောင်း ပါဝင်ယှဉ်ပြိုင်နိုင်သည်။

ဆောင်းပါးခေါင်းစဉ်မှာ **လူသားအရင်းအမြစ် ဖန်တီးရှင်** ဖြစ်ပြီး စာလုံးရေ ၃၀၀၀မှ ၄၀၀၀အတွင်း ရေးသားရမည်၊ စာမျက်နှာတစ်ဖက်တည်းတွင်သာ ရေးသားရမည်၊ စာမျက်နှာတပ်ရမည်၊ စာမူနောက်ကျောတွင် ရေးသူအမည်၊ ပညာအရည် အချင်း၊ ရာထူးနှင့် ကျောင်း၊ အိမ်လိပ်စာကို ဖော်ပြရမည်။

### နောက်ဆုံးပေးပို့

စာမူနှစ်စောင်၊ ကိုယ်တိုင်ရေးသားကြောင်းဝန်ခံချက်၊ ကိုယ်ရေးအကျဉ်းနှင့် ရောင်စုံလိုင်စင်ဓာတ်ပုံ (တစ်လက်မခွဲxနှစ်လက်မ) သုံးပုံတို့ကို စာအိတ်တွင် လုံခြုံစွာ ထည့်သွင်းပြီး ဒေါ်တင်တင်ရှု ဒုတိယညွှန်ကြားရေးမှူး ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန(သင်ရိုးဌာနခွဲ) အမှတ် ၁၂၃ နတ်မောက်လမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့သို့ စက်တင်ဘာ၁၅ရက် နောက်ဆုံးထား ပေးပို့ရမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



## ကတ္တရာခင်းရန် ကျောက်စုဆောင်း

**ဇလွန်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က အံတော်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းဆောင်ရွက်ရန် ကျောက်ကြီးများ ခွဲစိတ်စုဆောင်းထားမှုကို သြဂုတ် ၅ရက်က ဧရာဝတီတိုင်း စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဒေါ်ကေသီမိုး ကွင်းဆင်းစစ်ဆေးရာ အငယ်တန်းအင်ဂျင်နီယာ(၂) ဦးကိုကိုအောင် ရှင်းလင်းတင်ပြစဉ်။**

(မြို့နယ်စည်ပင်)

# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များဖွင့်ပွဲ သံဖြူဇရပ်မြို့နယ်၌ကျင်းပ

**သံဖြူဇရပ် သြဂုတ် ၁၉**

သံဖြူဇရပ်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ဦးဆောင်မှုဖြင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသည့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ဖွင့်ပွဲကို သြဂုတ် ၁၁ရက်က မြို့နယ်ရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မြို့နယ်ဥက္ကဋ္ဌ ဦးမောင် မောင်နှင့် ဌာနဆိုင်ရာများ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးဒေါက်တာသူရနှင့် ကျန်းမာရေးဌာနမှ ဝန်ထမ်းများ၊ ရပ်ကွက်ကျေးရွာဥက္ကဋ္ဌများ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ရှင်းလင်းပြောကြား

ရှေးဦးစွာ မြို့နယ်ဥက္ကဋ္ဌ ဦးမောင်မောင်က အခမ်းအနား ကျင်းပရခြင်းနှင့် စပ်လျဉ်း၍ အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသူရက အာဟာရအကြောင်း သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

### ပေးအပ်

ထို့နောက် မြို့နယ် ဥက္ကဋ္ဌနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးတို့က ကလေးငယ်များအား ဗီတာမင်အေဆေးလုံးများ တိုက်ကျွေးကြပြီး **(အောက်ဝဲပုံ)** ဆက်လက်၍ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းဥက္ကဋ္ဌ ဒေါ်ရီရီသောင်းက ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရပြည့်ဝသည့် အစားအစာနှင့် ဆေးဝါးများ၊ ကလေးအနှီးပိတ်စများကို ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

(မြို့နယ် ပြန်/ဆက်)



## ဟင်္သာတမြို့နယ်၌ လမ်းကျောက်ဖြည့်ပြုပြင်

**ဟင်္သာတ သြဂုတ် ၁၉**

ဟင်္သာတမြို့နယ် စည်ပင်သာယာရေးအဖွဲ့၏ ၂၀၁၀-၂၀၁၁ဘဏ္ဍာရေးနှစ် လုပ်ငန်းဖြစ်သော အမှတ်(၁)မြို့ဝင်လမ်း ကျောက်ဖြည့်ပြုပြင်ခြင်းလုပ်ငန်းကို သြဂုတ် ၂ရက်က အငယ်တန်းအင်ဂျင်နီယာ(၂) ဒေါ်စန်းသီတာဦး ကြီးကြပ်လျက် အဖွဲ့ဝန်ထမ်းများနှင့်အတူ ဆောင်ရွက်ကြသည်။

(မြို့နယ်စည်ပင်)

# အခြေခံစက်ချုပ်သင်တန်း သင်တန်းဆင်းပွဲ လားရှိုး၌ကျင်းပ
## တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဩဂုတ် ၁၉

**ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွင့်သည် ဩဂုတ် ၁၃ရက် နံနက်ပိုင်းက လားရှိုးမြို့ အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပသော အခြေခံစက်ချုပ်သင်တန်းနှင့် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်းပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားပြီး သင်တန်းဆင်းအောင်လက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။**

### လှည့်လည်ကြည့်ရှု

ဆက်လက်၍ တာဝန်ရှိသူတစ်ဦးက သင်တန်းတွင် ပထမ၊ ဒုတိယနှင့် တတိယ ရရှိကြသော သင်တန်းသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ပြီး အခမ်းအနားအပြီးတွင် တိုင်းမှူးသည် သင်တန်းသူများ ရက်လုပ်ထားသော ဇာထိုး၊ ပန်းထိုး၊ အဝတ်အထည်နှင့် လက်မှုပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးသည်။

### ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် လားရှိုးမြို့ ဟူးမွန်ကျေးရွာနေ ဒေသခံတောင်သူတစ်ဦး၏ မျိုးစေ့ထုတ် ပြောင်းစိုက်ခင်းနှင့် မိုးစပါးစိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးပြီး ဘက်စုံစိုက်ပျိုးမွေးမြူရေး ဇဟိုစခန်းသို့ ရောက်ရှိကာ ခြံအတွင်း ကြက်နှင့် နွားမွေးမြူထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေး ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



# သတ္တုတွင်းဝန်ကြီး ဦးအုန်းမြင့်အား
## အိန္ဒိယသမ္မတနိုင်ငံမှ ဧည့်သည်အဖွဲ့ လာရောက်တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၁၉

သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်အား အိန္ဒိယသမ္မတနိုင်ငံ BIRLA CORPORATION LIMITED ၏ Executive President Mr. G. Jayarman ခေါင်းဆောင်သောအဖွဲ့သည် ယမန်နေ့ မွန်းတည့် ၁၂နာရီတွင် နေပြည်တော်ရှိ သတ္တုတွင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ သတ္တုကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)(သတင်းစဉ်)**

# စာကြည့်တိုက်ပန္နက်တင်ပွဲ မောက်မယ်မြို့နယ်၌ ကျင်းပ

**မောက်မယ် ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မောက်မယ်မြို့နယ် စဉ့်ဝင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်အဆောက်အအုံ ဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာပွဲကို ဩဂုတ် ၉ရက် နံနက် ၈နာရီက ယင်းစာကြည့်တိုက်ဆောက်လုပ်မည့် မြေနေရာ၌ ကျင်းပသည်။

### ပန္နက်တင်

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသက်ဦးဆွေ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဦး၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးလှဝင်းနှင့် ကျေးရွာဥက္ကဋ္ဌ ဦးဘောဂတို့က အဆောက်အအုံ ဆောက်လုပ်ရန် ပန္နက်တင်ပေးကြသည်။ **(အောက်ပုံ)(ခရိုင် ပြန်/ဆက်)**



# ဗဟန်းစာပေနှင့်စာနယ်ဇင်း အတွေ့အကြုံရှင်း

**ရန်ကုန် ဩဂုတ် ၁၉**

ဗဟန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့ ပဋ္ဌမအကြိမ်ညီလာခံ အတွေ့အကြုံရှင်းလင်းပွဲကို အမှတ် ၂၂၂ ရွှေဂုံတိုင်လမ်းတွင် ဩဂုတ် ၁၅ရက် နံနက်ကကျင်းပရာ သဘာပတိ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဥက္ကဋ္ဌ ဦးကိုကိုလေး (ရန်ကင်းကိုကိုလေး)က အမှာစကားပြောကြားသည်။ ထို့နောက် ဘဏ္ဍာရေးမှူး ဒေါ်နီနီတင် (နီနီ-မြန်မာစာ)က ပဋ္ဌမအကြိမ် ညီလာခံအတွေ့အကြုံများကို ရှင်းလင်းတင်ပြပြီး အတွင်းရေးမှူး ဦးလှိုင်မြင့် (တမာမြေ-လှိုင်မြင့်)က ရှေ့လုပ်ငန်းစဉ်များကို တင်ပြရာ အဖွဲ့ဝင်များက ဆွေးနွေးအကြံပေးကြသည်။

### ညှိနှိုင်းဆွေးနွေး

ဆက်လက်၍ စာပေနှင့်စာနယ်ဇင်းအဖွဲ့သည် မြန်မာနိုင်ငံစာပေနှင့်စာနယ်ဇင်းအဖွဲ့၏ ညွှန်ကြားချက်များနှင်အညီ ရှေ့လုပ်ငန်းစဉ်များ အကောင်အထည်ဖော်ရန်၊ မြို့နယ်စာပေနှင့်စာနယ်ဇင်းအဖွဲ့မဂ္ဂဇင်းထုတ်ဝေရန် ကိစ္စရပ်များ ညှိနှိုင်းဆွေးနွေးကြသည်။

**(မြို့နယ် ပြန်/ဆက်)**



# အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်အထိမ်းအမှတ် ပခုက္ကူ၌ အစားအစာများ ချက်ပြုတ်ပြိုင်ပွဲကျင်းပ

**ပခုက္ကူ ဩဂုတ် ၁၉**

အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များအထိမ်းအမှတ်အဖြစ် ပခုက္ကူခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့က ကြီးမှူးကျင်းပသော အာဟာရပြည့်ဝမျှတသည့် အစားအစာများ ပြင်ဆင်ချက်ပြုတ်ပြသခြင်း ပြိုင်ပွဲကို ဩဂုတ် ၁၈ရက် နံနက် ၁၀နာရီက ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအစည်းအဝေးခန်းမ၌ကျင်းပရာ **(အပေါ်ပုံ)** အခမ်းအနားသို့ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဖြူဖြူဝင်းနှင့် အဖွဲ့ဝင်များ ပြိုင်ပွဲကြီးကြပ်ရေးနှင့် အကဲဖြတ်ဒိုင်လူကြီးများ၊ ခရိုင်အတွင်း ငါးမြို့နယ်မှ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

### ပေးအပ်

ပြိုင်ပွဲတွင် ပြိုင်ပွဲဝင်ငါးမြို့နယ်မှ ကိုယ်စားပြုအသင်းများ ယှဉ်ပြိုင်ကြရာ ပထမဆုကို ရေစကြိုမြို့နယ် ကိုယ်စားပြု ကံ့ကော်ပန်းအသင်း၊ ဒုတိယဆုကို ဆိပ်ဖြူမြို့နယ်ကိုယ်စားပြု နှင်းဆီပန်းအသင်းနှင့် တတိယဆုကို ပခုက္ကူမြို့နယ်ကိုယ်စားပြု သစ္စာပန်းအသင်းတို့က ရရှိကြပြီး ဆုများကို ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလွင်ကိုဦးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။ **(ဝ၇ဝ)**

# ပျူခေတ်ရွှေထည်လက်စွပ် လာရောက်အပ်နှံ ဆုကြေးငွေများ ထိုက်တန်စွာချီးမြှင့်

နေပြည်တော် ဩဂုတ် ၁၉

**မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ရွာခိုင်ကြီးတိုက်နယ် မြင်းထားဝယ်ကျေးရွာနေ မအေးနွယ်သည် ပေါင်းရှင်းရာမှတွေ့ရှိသော ပျူခေတ် ရွှေလက်စွပ်ကို လာရောက်အပ်နှံသည့်အတွက် ဆုကြေးငွေချီးမြှင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၁နာရီက နေပြည်တော်ရှိ ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ရုံးခန်း၌ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဦးလွင်က ဆုကြေးငွေများ ချီးမြှင့်သည်။**



### ပြောကြား

အခမ်းအနားတွင် ရှေးဟောင်းသုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက် ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က ရှေးဟောင်းပစ္စည်း ဆုချီးမြှင့်ခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားရာ၌ ယခုလာရောက်အပ်နှံသောပစ္စည်းသည် ပျူခေတ်လက်ရာဖြစ်သဖြင့် နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းဖြစ်ကြောင်း၊ မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်ပစ္စည်းများကို အကြောင်းအမျိုးမျိုးကြောင့် တွေ့ရှိပါက တာဝန်သိသိဖြင့် နိုင်ငံတော်သို့ အပ်နှံစေရန်လည်း အသိပညာပေးလျက်ရှိကြောင်း၊ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းပစ္စည်းများကို ဖျက်ဆီးခြင်း၊ တရားမဝင်ရောင်းချခြင်းများကိုလည်း တည်ဆဲဥပဒေအရ ကာကွယ်ထိန်းသိမ်းလျက်ရှိကြောင်း ပြောကြားသည်။

### ပေးအပ်ချီးမြှင့်

ထို့နောက် ညွှန်ကြားရေးမှူးချုပ်က ပျူခေတ်နွားလားဥသဘပုံ ရွှေလက်စွပ် အလေးချိန် ၁၀၆ ဒသမ ၄၆ ဂရမ် (၆ကျပ် ၆ပဲ ၂ရွေး ၁ခြမ်း)ကို လာရောက်အပ်နှံသော မအေးနွယ်အား ဆုကြေးငွေ ၉၉၄၄၀၈၇ကျပ်ကို ပေးအပ်ချီးမြှင့်သည်။ **(အောက်ဝဲပုံ)**

ယင်းနောက် ဆုကြေးငွေ ချီးမြှင့်ခံရသူ မအေးနွယ်က ကိုယ်တိုင်တွေ့ရှိ အပ်နှံခဲ့မှုနှင့် ယခုကဲ့သို့ နိုင်ငံတော်က ထိုက်တန်စွာ ဆုချီးမြှင့်ခြင်းအတွက် ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

### ထိန်းသိမ်း

ယဉ်ကျေးမှုဝန်ကြီးဌာန ရှေးဟောင်း သုတေသန၊ အမျိုးသားပြတိုက်နှင့် စာကြည့်တိုက်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံအနှံ့မှတွေ့ရှိသည့် ယဉ်ကျေးမှုအမွေအနှစ်ဝတ္ထုပစ္စည်းများကို တာဝန်သိသိဖြင့် လာရောက်အပ်နှံပါက အဆိုပါ ပစ္စည်း၏ ကာလတန်ဖိုးအပြင် ရှေးဟောင်းပစ္စည်းတန်ဖိုး၊ ရှေးဟောင်းလက်ရာတန်ဖိုး၊ ခေတ်ကာလတန်ဖိုးများပါ ထပ်ဆောင်းလျက် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကာ ယဉ်ကျေးမှုတန်ဖိုးမြင့်မားသော ရှေးဟောင်းဝတ္ထုပစ္စည်းများကို စုဆောင်းထိန်းသိမ်းလျက်ရှိကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

**ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ဆပ်သွားတော-ညောင်နှစ်ပင်ကတ္တရာလမ်း လမ်းပခုံးကပ်ခြင်းလုပ်ငန်း ဆောင်ရွက်မှုကို ရန်ကုန်တိုင်းစည်ပင်သာယာရေးအဖွဲ့ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ် ဩဂုတ် ၁၀ရက်က ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမိုးကျော်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမြင့်ဦးတို့ ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)





# တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့် ဇာမဏီဆည်ကြံခိုင်မှု ကြည့်ရှုစစ်ဆေး

## တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံနှုတ်ဆက်

ရန်ကုန် ဩဂုတ် ၁၉

**ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဝင်းမြင့်သည် ဩဂုတ် ၁၈ရက်တွင် သန်လျင်မြို့နယ် ဇာမဏီဆည်ကြံခိုင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။** (အပေါ်ပုံ)

ရှေးဦးစွာ တိုင်းမှူးအား ယာယီရှင်းလင်းဆောင်၌ တိုင်းဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးက ဆည်ကြံ့ခိုင်မှုလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ဆောင်ရွက်နေမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် လုပ်ငန်းခွင်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူတို့အား လုပ်ငန်းလိုအပ်ချက်များမှာကြားသည်။

ဆက်လက်၍ ဒဂုံ-သီလဝါလမ်းပိုင်း လမ်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စစ်ပင်ကွင်းကျေးရွာ မိုးစပါးစိုက်ကွင်းသို့ ရောက်ရှိရာ တာဝန်ရှိသူတစ်ဦးက မြို့နယ်အတွင်း မိုးစပါးစိုက်ပျိုးပြီးစီးမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တိုင်းမှူးသည် မိုးစပါးစိုက်ပျိုးပြင်ဆင်နေမှုကို ကြည့်ရှုအားပေးပြီး တောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ လိုအပ်သည်များ မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

**မှာကြားဖြည့်ဆည်း**

ယင်းနောက် သန်လျင်မြို့နယ်ရှိ ရန်ကုန်သမဝါယမဒီဂရီကောလိပ်သို့ ရောက်ရှိရာ အစည်းအဝေးခန်းမ၌ ကျောင်းအုပ်ကြီးက ကျောင်း၏သမိုင်းကြောင်းနှင့် သင်ကြားသင်ယူမှုအခြေအနေတို့ကို ရှင်းလင်းတင်ပြပြီး တိုင်းမှူးက လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



ဩဂုတ်၁၅ရက်က ရန်ကုန်အနောက်ပိုင်းခရိုင် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ကြည်နှင့်အဖွဲ့ဝင်များ လှိုင်မြို့နယ် အမှတ်(၁) ရပ်ကွက် ဇေယျမင်္ဂလာလမ်းတွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ခြင်ထောင်များ ဆေးစိမ်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။
(မြန်မာ့အလင်း)

# မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌

## အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးနှံပေးမည်

*နေပြည်တော် ဩဂုတ် ၁၉*

***မန္တလေးအထွေထွေရောဂါကုဆေးရုံကြီး အမျိုးသားသွေးလှူဘဏ်၌ သွေးလှူဒါန်းနေကြသော Rh (-)ve သွေးအုပ်စုရှိ သွေးလှူရှင်များအား အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်၍ ဩဂုတ် ၂၈ရက်မတိုင်မီ သွေးလှူဘဏ်သို့ လာရောက်ဆက်သွယ် စာရင်းပေးနိုင်ကြောင်း သတင်းရရှိသည်။*** *(သတင်းစဉ်)*



ရန်ကုန်မြို့ အင်းလျားလမ်း ကမာရွတ်မြို့နယ်နေ ဒေါ်အုံးတင် မိသားစုက ဗဟန်းမြို့နယ် ဇီဝိတဒါနသံဃာ့ဆေးရုံကြီးသို့ ခြောက်ထပ်ဆေးရုံသစ်ကြီး ဆောက်လုပ်လှူဒါန်းရာ၌ အသုံးပြုရန် အလှူငွေကျပ် ၂၅သိန်း ပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။
(သတင်းစဉ်)

# မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၂၀-၈-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

- ၇:၀၀ ၁။ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ အင်္ဂဇေယမင်္ဂလာယဉ်ဝေယံထွန်း၊ (တေးရေး- ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၅၀ ၅။ သံသာချိုအေးမင်္ဂလာတေး
- ၈:၀၀ ၆။ လှုပ်ရှားပုံပြင်စိတ်ပျော်ရွှင်
- ၈:၁၀ ၇။ အကပြိုင်ပွဲ
- ၈:၁၅ ၈။ ကြေးမုံရိပ်သွင်တေးနယ်ဉ်
- ၈:၂၅ ၉။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
- ၈:၃၀ ၁၀။ **တောင်ပေါ်မြေပြန့် တိုင်းရင်းသားညီအစ်ကို မောင်နှမများ ပင်လောင်းလမ်း**
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်

**ညပိုင်း**

- ၃:၃၀ ၁။ Myanmar National League MNL (Cup) (2010) ဘောလုံးပြိုင်ပွဲထုတ်လွှင့်မှုအစီအစဉ် **(ရန်ကုန်ယူနိုက်တက်F.Cနှင့် နေပြည်တော် F.C)**
- ၅:၀၀ ၂။ နှောင်းခေတ်တေးပဒေသာ
- ၅:၁၀ ၃။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅:၁၅ ၄။ **ကဏ္ဍစုံလင် အားကစားအစီအစဉ်**
- ၅:၃၅ ၅။ ရိုးသားဖြူစင် ကလေးတို့အသွင်
- ၆:၀၀ ၆။ ညနေခင်းသတင်း
- ၆:၁၅ ၇။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၈။ ရသစုံလင်အင်တာနက်ဉယျာဉ်
- ၇:၀၀ ၉။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဆူးလွှမ်းသောချစ်နှင်းဆီ** (ဒုတိယတွဲ) (အပိုင်း-၂၇)
- ၈:၀၀ ၁၀။ ပြည်တွင်းသတင်း
- ၁၁။ နိုင်ငံတကာသတင်းများ
- ၁၂။ မိုးလေဝသအခြေအနေ
- ၁၃။ ပြည်ထောင်စုခရီးရှည် ရာဇဝင်းတင့်၊ သက်မှူးဟေသီ၊ တေးရေး- မောင်မောင်ဇော်ဝင်း
- ၁၄။ **လျှပ်တစ်ပြက်ဟာသများ**
- ၁၅။ နိုင်ငံခြားဇာတ်လမ်းတွဲ **ချစ်သူ့နယ်နိမိတ်** (အပိုင်း-၁၄)
- ၁၆။ သီချင်းချစ်သူ **(ရှင်းရှင်း)**

# ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး မြို့နယ်၊ ရပ်ကွက်/ကျေးရွာ ကော်မရှင်အဖွဲ့ခွဲဝင်များအား ရှင်းလင်းမှာကြား

**ရန်ကုန် ဩဂုတ် ၁၉**

ကယားပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီသည် ဩဂုတ် ၁၈ရက်တွင် ကယားပြည်နယ် ဒီမောဆိုမြို့နယ် ကော်မရှင်အဖွဲ့ခွဲဝင်များ၊ ရပ်ကွက်/ ကျေးရွာကော်မရှင်အဖွဲ့ခွဲဝင်များ၊ မဲရုံမှူးများ၊ ဒုတိယမဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များအား တွေ့ဆုံ၍ မဲရုံအလိုက် အချိန်မီပြီးစီးရေးနှင့် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ အသေးစိတ်ရှင်းလင်းမှာကြားပြီး သရုပ်ပြဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နေပြည်တော်ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ

## ဒုတိယအဆင့် အုပ်စုပတ်လည်ပွဲစဉ်များ ဆက်လက်ယှဉ်ပြိုင်

**နေပြည်တော် ဩဂုတ် ၁၉**

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသည့် စတုတ္ထအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည် အမှတ်ပေးပွဲစဉ်များကို ယနေ့ညနေ၄နာရီတွင် သတ်မှတ်နေရာများ၌ဆက်လက်ကျင်းပရာ နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂဂ) အုပ်စုမှ အားကစားဝန်ကြီးဌာနအသင်းက သမဝါယမဝန်ကြီးဌာနအသင်းကို နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိပြီး နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌ (ဂဂ)အုပ်စုမှ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနအသင်းနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအသင်းတို့သည် တစ်ဖက်နှစ်ဂိုးစီဖြင့် သရေဖြစ်သွားကြသည်။

**ယှဉ်ပြိုင်ကစား**

ဩဂုတ် ၂၀ရက် ပွဲစဉ်များအဖြစ် နေပြည်တော် ဘောလုံးအားကစားပြိုင်ကွင်း၌ (ဃဃ)အုပ်စုမှ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနအသင်းနှင့် ကာကွယ်ရေးဝန်ကြီးဌာနအသင်း၊ နေပြည်တော်ပေါင်းလောင်း ဘောလုံးအားကစားပြိုင်ကွင်း၌(ဃဃ)အုပ်စုမှ ပို့ဆောင်ရေးဝန်ကြီးဌာနအသင်းနှင့် စွမ်းအင်ဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# နမ့်ခမ်းမြို့နယ် မန်ပူးကျေးရွာတွင်

## ငှက်ဖျားရောဂါအကြောင်း ပညာပေးဟောပြော

**နမ့်ခမ်း ဩဂုတ် ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်ခရိုင် နမ့်ခမ်းမြို့နယ် မန်ပူးကျေးရွာတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဒေါ်ခင်ဦးကြည်နှင့် တိုက်နယ်ဆရာဝန်၊ လက်ထောက်ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများသွားရောက်၍ ငှက်ဖျားနှင့် အခြားအဖျားရောဂါများ သွေးဖောက်စစ်ဆေးခြင်း၊ ကုသမှုပေးခြင်း၊ ငှက်ဖျားရောဂါ ဖြစ်ပေါ်ရသည့်အကြောင်းနှင့် ကာကွယ်ကုသမှုအကြောင်း ပညာပေးဟောပြောခြင်း၊ ပတ်ဝန်းကျင်သန့်ရှင်းရေးများ ပြုလုပ်ခြင်းကို ကျန်းမာရေးဝန်ထမ်းများနှင့် စည်ပင်သာယာရေးအဖွဲ့တို့ ပူးပေါင်း၍ ဆေးဖျန်းပေးခြင်းများ ပြုလုပ်ကြသည်။

ထို့နောက် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကိုကိုအောင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ မန်ပူးကျေးရွာပြည်သူများအား အစားအသောက်နှင့် ဆေးဝါးများ ထောက်ပံ့လှူဒါန်းသည်။ **(မြို့နယ် ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**



ဩဂုတ် ၁၀ရက်က တောင်ကြီးမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အငယ်တန်းအင်ဂျင်နီယာ-၂(မြို့ပြ) ဦးကျော်သူရဆွေ ဦးစီးဆောင်ရွက်ခဲ့သော ကျောက်စိမ်းလမ်းသွယ် ကျောက်ချောခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို အမှုဆောင်အရာရှိ ဦးအောင်မြင့်နှင့် အင်ဂျင်နီယာမှူး ဦးအောင်နိုင်ထွန်းတို့ ကွင်းဆင်း ကြီးကြပ်ဆောင်ရွက်စဉ်။
(သတင်းစဉ်)

# အောက်ပိုင်းဒေသများ မိုးလျော့နည်းနိုင်

နေပြည်တော် ဩဂုတ် ၁၉

**ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ** လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့သည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ နေပြည်တော်(ပျဉ်းမနား)တွင် ၁ဒသမ ဝ၆လက်မ၊ နေပြည်တော်(ရေဆင်း)တွင် ဝဒသမ ၇၄လက်မ၊ မောင်တောမြို့တွင် ၃ဒသမ ၇၈လက်မ၊ ပြည်မြို့တွင် ၂ဒသမ ၆၈လက်မ၊ ဓနိုးတူမြို့တွင် ၂ဒသမ ၄၈လက်မ၊ အမ်းမြို့တွင် ၂ဒသမ ၂၁လက်မ၊ ကော့ကရိတ်မြို့တွင် ၂ဒသမ ၁၇လက်မ၊ သံတွဲမြို့နှင့် သာယာဝတီမြို့တို့တွင် ၂ဒသမ ၀၅လက်မစီ၊ တောင်တွင်းကြီးမြို့တွင် ၁ဒသမ ၇၇လက်မနှင့် စစ်ကိုင်းမြို့တွင် ၁ဒသမဝ၃လက်မတို့ ဖြစ်ကြသည်။

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားနည်းနေသည်။

**ဩဂုတ် ၂၀ရက် ညနေအထိခန့်မှန်းချက်မှာ** ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့ပင်လယ်ပြင်တွင်** လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

**နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ** မြန်မာနိုင်ငံ အောက်ပိုင်းဒေသများတွင် မိုးလျော့နည်းနိုင်သည်။

**နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင်** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

**မြန်မာ့အလင်း နောက်ဆုံးရဖောင်ပိတ်သတင်း**

# အိန္ဒိယ၌ ကုန်တင်ကားကြီးချောက်ထဲကျ သေဆုံးသူ ၃၈ ဦးရှိပြီး ၄၀ ဒဏ်ရာရ

➤ မြင့်မောင်စိုး-စုစည်းသည် ➤

နယူးဒေလီ ဩဂုတ် ၁၉

အိန္ဒိယနိုင်ငံမြောက်ပိုင်း ဟိမဝန္တာတောင်ခြေရှိ ဟီမာချာပရာဒက်ရှ်ဒေသ၌ ဩဂုတ် ၁၉ရက်က ခရီးသည်တင်ကုန်တင်ကားတစ်စီး ချောက်ထဲထိုးကျသွားရာ သေဆုံးသူ ၃၈ဦးရှိကြောင်း ရဲအဖွဲ့ကပြောကြားသည်။

အဆိုပါဒေသသည် နယူးဒေလီမြို့မှ မိုင် ၂၅၀ အကွာတွင်တည်ရှိပြီး မွေးနေ့ပါတီပွဲမှအပြန် ယင်းကုန်တင်ကားကြီး ချောက်ထဲကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူ ၃၈ဦးအပြင် လူ ၄၀ ဒဏ်ရာကိုယ်စီရခဲ့ကြကြောင်း ရဲအဖွဲ့ကပြောကြားသည်။ (အောက်ပုံ) (အင်တာနက်)



# မော်စကိုတွင် မိုးကြီးသည်းထန်စွာရွာ အပူချိန် သိသိသာသာလျော့ကျခဲ့

မော်စကို ဩဂုတ် ၁၉

ရုရှားနိုင်ငံတစ်ဝန်း လချီကြာညောင်းခဲ့သည့် ပူပြင်းခြောက်သွေ့သည့် နွေအခါကာလသည် ဩဂုတ် ၁၉ ရက်က မိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့သဖြင့် အပူလှိုင်းများကျရောက်မှု အဆုံးသတ်သွားပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

အဆိုပါမိုးကြီးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် အပူချိန်မှာ ၂၃ဒီဂရီဆဲလ်စီးရပ်စ်အထိ ကျဆင်းသွားခဲ့သည်ဟုဆိုသည်။ (အင်တာနက်)

## မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့၏ တီဘီရောဂါဆိုင်ရာ ဟောပြောပွဲကျင်းပမည်

ရန်ကုန် သြဂုတ် ၁၉

မြန်မာနိုင်ငံ ဆရာဝန်အသင်း အဏုဇီဝဗေဒအဖွဲ့က ကြီးမှူးကျင်းပမည့် တီဘီရောဂါဆိုင်ရာ အမြင်သစ်များ (New Perspectives on Tuberculosis) ဟောပြောပွဲကို သြဂုတ် ၂၈ရက် (စနေနေ့) နံနက် ၉နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌ ကျင်းပမည်ဖြစ်ကြောင်း၊ ယင်းဟောပြောပွဲတွင် ဆေးတက္ကသိုလ်(၁) အဏုဇီဝဗေဒဌာန ပါမောက္ခဌာနမှူး ဒေါက်တာကြည်ကြည်သင်း၊ အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆေးပညာဌာန ပါမောက္ခဌာနမှူး ဒေါက်တာဦးဝင်းနိုင်၊ ဆေးတက္ကသိုလ်(၂) ကလေးဆေးပညာဌာနမှ ပါမောက္ခဌာနမှူး ဒေါက်တာဦးစောဝင်းနှင့် အမျိုးသားတီဘီရောဂါ တိုက်ဖျက်ရေးစီမံကိန်းမှ ပိုးမွှားဗေဒအထူးကုဆရာဝန်ကြီး(ငြိမ်း) ဒေါက်တာဒေါ်တီတီတို့က ဟောပြောကြမည်ဖြစ်ကြောင်း သိရသည်။

**တက်ရောက်နိုင်**

စိတ်ဝင်စားသူ မည်သူမဆို ရုံးချိန်အတွင်း အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၁) လမ်းမတော်မြို့နယ်နှင့် အဏုဇီဝဗေဒဌာန ဆေးတက္ကသိုလ်(၂) မြောက်ဥက္ကလာပမြို့နယ်တို့၌လည်းကောင်း၊ ဟောပြောမည့် နံနက်တွင် မြန်မာနိုင်ငံ ဆရာဝန်အသင်းခန်းမ(အေ)၌လည်းကောင်း မှတ်ပုံတင်၍ တက်ရောက်နိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**



## ငါးရစ်ငါးသန် တားဆီးကာကွယ်ရေး ပဲခူးမြို့၌ ပညာပေးဟောပြော

ပဲခူး သြဂုတ် ၁၉

ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ငါးရစ်ငါးသန် တားဆီးကာကွယ်ရေး စီမံချက်အရ သဘာဝသယံဇာတ ထိန်းသိမ်းရေးနှင့် တားမြစ်ငါးဖမ်းနည်းများဖြင့် ငါးမဖမ်းဆီးရေး ပညာပေး ဟောပြောပွဲကို ဇွန် ၃ရက် နံနက် ၁၀နာရီခွဲက ပဲခူးမြို့ စံပြငါးဈေးကြီး၌ကျင်းပရာ ပဲခူးခရိုင် ငါးလုပ်ငန်း ဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်သိန်းက ငါးရစ်ငါးသန်ကာလအတွင်း ငါးဖမ်းဆီးမှု မရှိစေရေး၊ တားမြစ်ထားသော ငါးဖမ်းနည်း၊ ငါးဖမ်းကိရိယာများဖြင့် မဖမ်းဆီးရေးနှင့် တားမြစ်ထားသော ငါးမျိုး၊ ငါးအရွယ်အစားများကို ဖမ်းဆီးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းဝယ်စုဆောင်းခြင်း၊ သယ်ယူခြင်းတို့ မပြုလုပ်ကြရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ **(အပေါ်ပုံ)**

**ဖြန့်ဝေ**

အခမ်းအနားသို့ ပဲခူးတိုင်း ငါးလုပ်ငန်းအဖွဲ့ချုပ် အတွင်းရေးမှူး ဦးမြင့်သိန်း၊ ပဲခူးခရိုင် ငါးလုပ်ငန်းအဖွဲ့ချုပ်အတွင်းရေးမှူး ဦးထွန်းထွန်းဝင်း၊ ငါး၊ ပုစွန်ရောင်းဝယ်ရေးလုပ်ငန်းရှင်များ၊ ရေလုပ်သားများနှင့် ပဲခူးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ ဝန်ထမ်းများ တက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် တက်ရောက်သူများအား ငါးရစ်ငါးသန်ရာသီချိန်၌ ငါးမဖမ်းရန် ပညာပေးနှိုးဆော်ချက် ပိုစတာများ ဖြန့်ဝေပေးခဲ့သည်။ **(ခရိုင်ငါးလုပ်ငန်းဦးစီး)**



**သန်လျင် မြို့မဈေးကြီးသန့်ရှင်းမှု ရှိစေရေးနှင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုမရှိစေရေး ကြိုတင်ကာကွယ်သောအားဖြင့် ခြင်ဆေးဖျန်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ဈေးအတွင်းရှိ ရေမြောင်းများ ဆယ်ယူခြင်းတို့ကို သြဂုတ် ၁၀ရက်က ဆောင်ရွက်ကြစဉ်။** (မြို့နယ်စည်ပင်)

## မြန်မာနိုင်ငံပြန်တမ်း

၁။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်ဝေအား ယင်းဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းများနှင့် စီးပွားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ ပြောင်းရွှေ့ခန့်ထားလိုက်သည်။

၂။ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ၎င်းတို့နှင့်ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ ရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (က) | ဦးတင့်ဆွေ<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အာဆီယံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (ခ) | ဒေါ်ယဉ်ယဉ်မြင့်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>လေ့ကျင့်ရေး၊ သုတေသနနှင့်<br>နိုင်ငံခြားဘာသာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>လေ့ကျင့်ရေး၊ သုတေသနနှင့်<br>နိုင်ငံခြားဘာသာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

၁၉-၈-၂၀၁၀

နေပြည်တော် (ပျဉ်းမနား)
၁ ဒသမ ၀၆ လက်မ
နေပြည်တော် (ရေဆင်း)
၀ ဒသမ ၇၄ လက်မ
မောင်တောမြို့
၃ ဒသမ ၇၈ လက်မ
ပြည်မြို့
၂ ဒသမ ၆၈ လက်မ
ဖောင်းတူမြို့
၂ ဒသမ ၄၈ လက်မ
အမ်းမြို့
၂ ဒသမ ၂၁ လက်မ
ကော့ကရိတ်မြို့
၂ ဒသမ ၁၇ လက်မ

# Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ယှဉ်ပြိုင်မည်

သတင်းဓာတ်ပုံ - ဇင်လင်းထွန်း (ရွှေဖြူ) ❖ စာမျက်နှာဖွဲ့စည်းမှု - မာမာစိုး (မြန်မာ့အလင်း)

ရန်ကုန် သြဂုတ် ၁၉

**မြန်မာနိုင်ငံ ရိုးရာလက်ဝှေ့အဖွဲ့ချုပ်ကြီးမှူး၍ H & S နှင့် T & T Group တို့ ပူးပေါင်းစီစဉ်သည့် Royal Club ရွှေခါးပတ်ချန်ပီယံပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များကို သြဂုတ် ၂၁ရက်နှင့် ၂၂ရက်များတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ မွန်းလွဲ ၂နာရီတွင် စတင်ကျင်းပမည်ဖြစ်သည်။**

ကွာတားဖိုင်နယ်ပွဲစဉ်များတွင် ပြိုင်ဘက်များကို အနိုင်ယူ၍ တက်ရောက်လာကြသည့် လက်ဝှေ့သမားများ၊ မဲစနစ်အရ ဆီမီးဖိုင်နယ်မှ စတင်ယှဉ်ပြိုင်ထိုးသတ်ရမည့် လက်ဝှေ့သမားများ၏ ဗိုလ်လုပွဲတက်ရောက်နိုင်ရေး အကြိတ်အနယ် ရင်ဆိုင်ကြမည့်



စိုးလင်းဦး
(တောင်ကလေး)



စိုးမိုးဟိန်း
(မျိုးဆက်သစ်)

ပွဲများနှင့်အတူ လေးချီ အထူးစိန်ခေါ်ပွဲများကိုပါ ထည့်သွင်းထားသည်။

**ယှဉ်ပြိုင်ထိုးသတ်**

ဝိတ်တန်းအလိုက် ယှဉ်ပြိုင်ထိုးသတ်ကြမည့် တွဲဆိုင်းများကို လေ့လာကြည့်သည့်အခါ ဝိတ်တန်းတိုင်းတွင် စိတ်ဝင်စားဖွယ်ကောင်းသော တွဲဆိုင်းများ ပါဝင်နေသည်။

၄၈ကီလို လိုက်ဖလိုင်းဝိတ်တန်းတွင် လက်ရှိချန်ပီယံ မိုးသီး(တောင်ကလေး)နှင့် အောင်စစ်မင်း (မျိုးဆက်သစ်)၊ ထစ်ချွန်း(မိုးသောက်ကြယ်)နှင့် စစ်မင်း(တိုက်ဂါး)တို့ ဗိုလ်လုပွဲသို့ တက်လှမ်းနိုင်ရေးအတွက် ယှဉ်ပြိုင်ကြရမည်။ မိုးသီးက ကွာတားဖိုင်နယ်တွင် သားကချင်ကို နောက်ပြန်ဖနောင့်ကန်ချက်ဖြင့် ပွဲသိမ်းလာသကဲ့သို့ အောင်စစ်မင်းကလည်း နေစိုးအောင်ကို လျှပ်တစ်ပြက် ဘယ်ဒူးချက်ဖြင့် ပွဲသိမ်းလာခဲ့သူဖြစ်သည်။

၅၁ကီလို ဖလိုင်းဝိတ်တန်းတွင် စောသဲမင်း (မိုးသောက်ကြယ်)နှင့် ထွန်းဝင်း(တိုက်ဂါး)၊ ကွာတားတွင် ထပ်ဆင့်ချန်ပီယံ ရွှေကျည်ဆံကို အနိုင်ယူလာသည့် ခိုင်လင်းဦး(တောင်ကလေး)နှင့် မဲစနစ်အရ ဆီမီးမှ ထိုင်စောင့်နေသည့် စိန်လင်းအောင်(ရွှေကုက္ကို)တို့ ရင်ဆိုင်ကြမည်။

**၅၄ကီလို ဘင်တန်ဝိတ်တန်း**

၅၄ကီလို ဘင်တန်ဝိတ်တန်းက ပြိုင်ပွဲဝင် လေးဦးသာရှိ၍ ဆီမီးဖိုင်နယ်မှ စတင် ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ မွန်ပြည်နယ်တစ်ခွင်၌ ၄က်ပျောတောဝင်းတင်ဟု နာမည်ကျော်ခဲ့သူ ဝင်းတင်(ရွှေကုက္ကို)နှင့် မာဂုဏ်မြင့်ပြီး ဗလာဒူးကောင်းသည့် ဆက်ထူးအောင် (တောင်ကလေး)၊ နယ်စပ်ဒေသ မြဝတီကို အခြေပြု၍ မဲဆောက်တစ်ခွင်၌ မွေထိုင်းတို့ကို မြန်မာ့လက်ဝှေ့စွမ်းပြခဲ့သည့် နည်းပြဆရာ ဝမ်ချိုင်း၏ မိုးမင်းမောင်ကလပ်မှ ချစ်အောင်နှင့် ဝါရင့်လက်ဝှေ့သမား



ဘီလပ်မြေမောင်မောင်
(ဘီလပ်မြေစက်ရုံ)



အောင်ဇေယျ
(ဘီလပ်မြေစက်ရုံ)

အသဲစွဲ(ဘီလပ်မြေစက်ရုံ)တို့ အကြိတ်အနယ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

**၅၇ကီလို ဖယ်သာဝိတ်တန်း**

၅၇ကီလို ဖယ်သာဝိတ်တန်းက ယခုပြိုင်ပွဲ၏ ပွဲအကျပ်ဆုံးဝိတ်တန်းဖြစ်နေသည်။ ၂၀၀၅ခုနှစ်က မြိတ်မြို့တွင် ရန်ကြီးအောင်ကိုပင် အလဲထိုးနိုင်ခဲ့သူ စောအုန်းမြင့် (မြို့တော်စည်ပင်)နှင့် ထပ်ဆင့်ရွှေခါးပတ်ချန်ပီယံ စိုးမိုးဟိန်း(မျိုးဆက်သစ်)၊ ယခုဝိတ်တန်း လက်ရှိ ရွှေခါးပတ်ချန်ပီယံ သတ္တိအောင်(တောင်ကလေး)နှင့် သားသား(T&T)တို့ ဗိုလ်လုပွဲတက်နိုင်ရေး အဖြေရှာကြမည်ဖြစ်သည်။

**ကီလို ၆၀ လိုက်ဝိတ်တန်း**

ကီလို ၆၀ လိုက်ဝိတ်တန်းတွင် ကွာတားဖိုင်နယ်၌ ဝါရင့်လက်ဝှေ့ကျော် ဒေါနအောင်ကို အမှတ်ပြတ်ဖြင့် ကျော်ဖြတ်လာသည့် စိုးလင်းဦး (တောင်ကလေး)နှင့် ဝါရင့်လက်ဝှေ့သမား မောင်မောင်(ဘီလပ်မြေစက်ရုံ)၊ ဆီမီးဖိုင်နယ်မှ ထိုင်စောင့်နေသည့် ကညောထူး(ရွှေကုက္ကို)နှင့် ကွာတားဖိုင်နယ်တွင် ဟိန်းညီညီကို ညာဒူးဖြင့် ပွဲသိမ်းလာသော ကိုဦးလေး (မိုးမင်းမောင်)တို့ ဆီမီးဖိုင်နယ်ပွဲစဉ် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

၆၃ ဒသမ ၅ ကီလို လိုက်ဝယ်လ်တာ ဝိတ်တန်းတွင် လက်ရှိရွှေခါးပတ်ချန်ပီယံ အောင်ဇေယျ (ဘီလပ်မြေစက်ရုံ)နှင့် ရွှေသိန်းအောင် (ဖလုံပညာတဝေါင့်)၊ ရန်ဆက်နိုင်(တောင်ကလေး)နှင့် မိုက်တိုင်စန် (မြို့တော်စည်ပင်)တို့ ရင်ဆိုင်တွေ့ကြမည်။

**၆၇ကီလို ဝယ်လ်တာဝိတ်တန်း**

၆၇ကီလို ဝယ်လ်တာဝိတ်တန်းတွင် ဆီမီးဖိုင်နယ်မှ စောင့်နေသည့် အာကာဟိန်း (မိုးမင်းမောင်)နှင့် ကွာတားဖိုင်နယ်၌ ဗသုန်ပန်ဆက်ကို အလဲထိုးလာသည့် ရွှေမင်းရာဇာ (တောင်ကလေး)တို့ တွေ့ကြမည်ဖြစ်ပြီး ကွာတားဖိုင်နယ်တွင် ပြိုင်ဘက်များကို အနိုင်ယူလာကြသည့် စောရန်ပိုင်(ဘီလပ်မြေစက်ရုံ)နှင့် လုံးချောလေး (ရက္ခဗျာလ)တို့ တွေ့ကြမည်ဖြစ်သည်။ ။ **(မြန်မာ့အလင်း)**

### ၂၁-၈-၂၀၁၀ (စနေနေ့) ပွဲစဉ်များ

| | | | |
|---|---|---|---|
| စိုးလင်းဦး (တောင်ကလေး) | နှင့် | ဘီလပ်မြေမောင်မောင် (ဘီလပ်မြေစက်ရုံ) | (လိုက်ဝိတ်တန်း) |
| မင်းရန်နိုင် (ခ) စောရန်ပိုင် (ဘီလပ်မြေစက်ရုံ) | နှင့် | လုံးချောလေး (ရက္ခဗျာလ) | (ဝယ်လ်တာဝိတ်တန်း) |
| မိုက်တိုင်စန် (မြို့တော်စည်ပင်) | နှင့် | ရန်ဆက်နိုင် (တောင်ကလေး) | (လိုက်ဝယ်လ်တာဝိတ်တန်း) |
| ဝင်းတင် (ရွှေကုက္ကို) | နှင့် | ဆက်ထူးအောင် (တောင်ကလေး) | (ဘင်တန်ဝိတ်တန်း) |
| ချစ်အောင် (မိုးမင်းမောင်) | နှင့် | အသဲစွဲ (ဘီလပ်မြေစက်ရုံ) | (ဘင်တန်ဝိတ်တန်း) |
| အောင်စစ်မင်း (မျိုးဆက်သစ်) | နှင့် | မိုးသီး (တောင်ကလေး) | (လိုက်ဖလိုင်းဝိတ်တန်း) |
| စစ်မင်း (တိုက်ဂါး) | နှင့် | ထစ်ချွန်း (မိုးသောက်ကြယ်) | (လိုက်ဖလိုင်းဝိတ်တန်း) |

မျိုးဆက်သစ် အထူးလေးချီစိန်ခေါ်ပွဲများပါဝင်မည်။

### ၂၂-၈-၂၀၁၀ (တနင်္ဂနွေနေ့) ပွဲစဉ်များ

| | | | |
|---|---|---|---|
| သားသား (T&T) | နှင့် | သတ္တိအောင် (တောင်ကလေး) | (ဖယ်သာဝိတ်တန်း) |
| စိုးမိုးဟိန်း (မျိုးဆက်သစ်) | နှင့် | စောအုန်းမြင့် (မြို့တော်စည်ပင်) | (ဖယ်သာဝိတ်တန်း) |
| ရွှေသိန်းအောင် (ဖလုံပညာတဝေါင့်) | နှင့် | အောင်ဇေယျ (ဘီလပ်မြေစက်ရုံ) | (လိုက်ဝယ်လ်တာဝိတ်တန်း) |
| ကညောထူး (ရွှေကုက္ကို) | နှင့် | ကိုဦးလေး (မိုးမင်းမောင်) | (လိုက်ဝိတ်တန်း) |
| ရွှေမင်းရာဇာ (တောင်ကလေး) | နှင့် | အာကာဟိန်း (မိုးမင်းမောင်) | (ဝယ်လ်တာဝိတ်တန်း) |
| စိန်လင်းအောင် (ရွှေကုက္ကို) | နှင့် | ခိုင်လင်းဦး (တောင်ကလေး) | (ဖလိုင်းဝိတ်တန်း) |
| စောသဲမင်း (မိုးသောက်ကြယ်) | နှင့် | ထွန်းဝင်း (တိုက်ဂါး) | (ဖလိုင်းဝိတ်တန်း) |

မျိုးဆက်သစ် အထူးလေးချီစိန်ခေါ်ပွဲများပါဝင်မည်။

# သွားတုများအကြောင်း သိကောင်းစရာများ

ဒေါက်တာ မိုလာ

သွားတုကို အသုံးပြုသူများ များပြားလာပြီဖြစ်၍ သွားတု၏ သက်တမ်းရှည်ရန်နှင့် မွေးရာပါသွား၏ ကျန်းမာရေးပိုမိုကောင်းမွန်စေရန် သိသင့်သော အချက်များကို နားလည်ရန် လိုလာသည်။ ယခင်က သွားအားလုံးမရှိသော အခြေအနေရောက်မှ သွားတုကို တပ်ဆင်ကြပါသည်။ ယခုအခါ ပျက်စီးနေသော သွားများနှင့် နုတ်သောသွားနေရာများ အတွက် အစားထိုးသွားတုများကို အသုံးပြုလာသည်ဖြစ်ရာ သွားတုအကြောင်းကို နားလည်ခြင်းဖြင့် သွားအစစ်ကျန်းမာရေးကို ထိန်းသိမ်းနိုင်မည် ဖြစ်သည်။

ဟမ်မူရာဘီ(Hammurabi) ဥပဒေတွင် သွားတစ်ချောင်း၊ (A tooth for a tooth)ပြန်အစားထိုး ပေးလျော်မည်ဟု ပြဋ္ဌာန်းခဲ့ဖူးရာ သွား၏တန်ဖိုးကြီးမားပုံကို ရှေးကပင် သိရှိခဲ့ကြောင်း သတိထားမိသည်။ သွား၏အသုံးဝင်ပုံတွင် သွားသည် လူတစ်ယောက်အတွက် မျက်နှာအချိုးအစား၊ ဥပမိနှင့် အလှအပကို ဖော်ပြပေးသည်။ သွား၏အနေအထားကြောင့် မျက်နှာ၏ပုံပန်းသဏ္ဌာန်ကို ပြောင်းလဲသွားစေနိုင်သည်။ သွားလှ၍ မျက်နှာလှပြီး သွားကောင်း၍ ပါးဖောင်းနိုင်ပါသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ဂျပန်မှ မြန်မာပြည်သို့ ပြန်လာစဉ် သွားတုတပ်ပြီး ရုပ်ဖျက်၍ တိတ်တဆိတ် ဝင်လာခဲ့ရသည်ဟု ဖတ်ရပါသည်။ သွားတုကြောင့် မျက်နှာပုံသဏ္ဌာန် ပြောင်းလဲပါသည်။

အမေရိကန်သမ္မတ ဂျော့ဝါရှင်တန်သည် သွားများမကောင်းခဲ့ပါ။ သမ္မတကြီး တပ်ဆင်ထားသော အံကပ်သည် အချိုးမကျ၊ နည်းပညာမမီသည့် အံကပ်ဖြစ်၍ ပန်းချီဆရာသည် ပန်းချီဆွဲ မှတ်တမ်းတင်သောအခါ အခက်အခဲများ တွေ့ခဲ့သည်။ အံကပ် မတပ်သောအခါ ပါးစပ်ထဲ ဂွမ်းကိုထည့်၍ ပါးချိုင့်ခြင်းကို ပါးဖောင်းစေရန် ပုံဖော်ခဲ့ရပါသည်။



ဂျော့ဝါရှင်တန်၏ အံကပ်။

ဗြိတိန်ဝန်ကြီးချုပ် ဝင်စတန်ချာချီသည်လည်း သွားမကောင်း၍ အံကပ်ကိုသာ အသုံးပြုခဲ့သည်။ အံကပ်၏ အဆင်မပြေမှုကြောင့် ချာချီ၏ မပီကလာပီကလာ မိန့်ခွန်းများသည် နာမည်တွင်ခဲ့ပါသည်။ သွားသည် အသံကို ပီသစေနိုင်ပါသည်။ ချာချီသည် အက်စ်(S)အသံကို ပီသစွာ မရွတ်ဆိုနိုင်ခဲ့ပါ။ ချာချီ၏ အောက်အံကပ်သည် သေဆုံးစဉ် ခန္ဓာကိုယ်နှင့်အတူ ပါသွားခဲ့သည်။ အပေါ်အံကပ်သည် ၂၀၁၀ ခုနှစ် ဇူလိုင်လ ၃၀ရက်နေ့က လေလံတင်ရောင်းချရာ ဒေါ်လာ ၂၄၅၀၀ ရရှိခဲ့သဖြင့် ထင်ရှားသော သွားတု၏တန်ဖိုးအဖြစ် သတင်းကြီးခဲ့သည်။ ရောင်းချသူမှာ ချာချီအား အံကပ် ပြုလုပ်ပေးသူ၏သား ဖြစ်သည်။

သိပ္ပံပညာရှင် အိုက်စက်နယူတန် (Issac Newton)၏ သွားကို ရောင်းချခဲ့ရာ ယခု ပေါက်ဈေးအရ ဒေါ်လာ ၃၅၀၀၀ ရရှိခဲ့သည်ဟု ဆိုသည်။ မှတ်သားအံ့သြဖွယ်ရာ သွား၏ တန်ဖိုးမြင့်ဈေးနှုန်းများ ဖြစ်ပါသည်။ သွားနုတ်လိုက်ရသော အဓိက အကြောင်း ရင်းများမှာ နာခြင်း၊ ကိုက်ခြင်းဝေဒနာကို မခံစားနိုင်လွန်း၍သာ ဖြစ်သည်။ သွား၏ ကြိတ်ဝါးအားသည် ပုံမှန်အနေအထားတွင် ဘယ်ညာမျှတစွာ ကြိတ်ဝါးပေးရသည်။ သွားနုတ်ထားပြီးနောက် သွားတုမတပ်ဆင်ထားသူများ ရှိနေသည်။ ပြန်လည်အစားမထိုး ထားသူများတွင် ကြိတ်ဝါးအား မညီမညာ ဖြစ်ပေါ်နိုင်ပါသည်။ သဘာဝတရားသည် ပြည့်စုံအောင် ဖန်တီးပေးထားသော်လည်း ရောဂါကြောင့် သွားဆုံးရှုံးလာသောအခါ ပြောင်းလဲမှုဖြစ်စဉ်တွေ ဖြစ်ပေါ်လာပါသည်။ နုတ်ထားသောသွား၏ အနီးအနားရှိ သွားများယိုင်ခြင်း၊ အစာညပ်ခြင်း၊ သွားပိုးစားခြင်း၊ သွားဖုံးရောင်ခြင်း၊ မျက်နှာချင်းဆိုင် သွားများ ရှည်ထွက်ခြင်း၊ မေးရိုးအနေအထားပြောင်းလဲခြင်း၊ မျက်နှာပုံသဏ္ဌာန်ပြောင်းလဲ ခြင်းများသည် သွားမရှိသောသူများ၏ နောက်ဆက်တွဲဖြစ်စဉ်များ ဖြစ်သည်။ သွား မစိုက်သော ဆိုးကျိုးသာရှိ၍ သွားစိုက်သော ဆိုးကျိုးမရှိပါ။ သွားတု၏ နည်းပညာ၊ ပစ္စည်းအမျိုးအစား၊ စနစ်မှန်မှုနှင့်အသုံးပြုသူ၏ သန့်ရှင်းမှုနှင့် စဉ်ဆက်မပြတ် စစ်ဆေး ခံယူမှုအပေါ် တည်နေပါသည်။

ပါးစပ်ထဲတွင် အသုံးပြုလာကြသော သွားတုအနေအထား သုံးမျိုးရှိသည်။ ပထမ တစ်မျိုးသည် အသုံးပြုနိုင်သောသွားကို ပိုမိုမပျက်စီးစေရန် မနုတ်ရစေရန် ထိုသွားပေါ်တွင် လည်းကောင်း၊ သို့မဟုတ် သွားမြစ်တွင်းတိုင်ထည့်၍လည်းကောင်း သွားကို ကာကွယ် ပေးထားသော သွားစွပ်ဖြစ်သည်။ ထိုနည်းတူပင် နုတ်ထားသော သွားရှိနေပါကလည်း အနီးအနားရှိ သွားနှစ်ချောင်း၏ အားကိုယူ၍ တံတားခင်းသကဲ့သို့ ချွတ်၍မရအောင် စွပ်ယူသောနည်း ဖြစ်သည်။ တစ်ချောင်းနုတ်ထား၍ ပြန်စွပ်ခဲ့လျှင် သွားသုံးချောင်းအတု ဖြစ်နေပါသည်။ သွားတု၏အမျိုးအစားများသည် သတ္တုအရောင်နှင့် မူလသွားအရောင် (ကြွေသွား)နှစ်မျိုးဖြင့် ပြုလုပ်ပါသည်။ ဤနည်းများသည် တပ်ဆင်ပြီးလျှင် မိမိဘာသာ ပြန်လည်ဖြုတ်ယူ၍ မရနိုင်သောနည်းဖြစ်သည်။

ဒုတိယအမျိုးအစားသွားတုသည် နုတ်ထားသော တစ်ချောင်း သို့မဟုတ် အားလုံး သွားနေရာတွင် ပြန်လည်အစားထိုးသော သွားတုဖြစ်သည်။ ဖြုတ်ရလွယ်၊ တပ်ရလွယ်သော သွားတုဖြစ်ပြီး အံကပ်ဟု ခေါ်ပါသည်။ သွားဘက်ဆိုင်ရာ ဆေးပညာအရ မိမိသွားများ ကျန်းမာစေရန်အတွက် အသုံးပြုသင့်သော နည်းဖြစ်သည်။ သို့သော်လည်း အသုံးပြုသူ အများစုသည် ဖြုတ်ရ၊ တပ်ရ အလုပ်ရှုပ်သည်ဟူသော ယူဆချက်ကြောင့် ပထမနည်း ကိုသာ ဦးစားပေးရွေးချယ်ခဲ့ကြပါသည်။ သွားတုအမျိုးအစားကို ပလတ်စတစ်နှင့် လည်းကောင်း၊ သတ္တုနှင့်လည်းကောင်း ပြုလုပ်ကြသည်။ သတ္တုအံကပ်သည် ပလတ် စတစ်အံကပ်ထက် ပို၍ ကြိတ်ဝါးအားနှင့် သွားကျန်းမာရေးကို ပိုမိုကောင်းမွန်စေနိုင်သည်။

တတိယအမျိုးအစားသည် နောက်ဆုံးပေါ်နည်းပညာဖြစ်ပြီး နုတ်ထားသော သွားနေရာ၌ မေးရိုးတွင်းဝက်အူစုပ်ထည့်၍ မူလသွားနှင့် အနီးစပ်ဆုံး တူညီအောင် ပြုလုပ်ပြီး တပ်ဆင်ခြင်း ဖြစ်သည်။ (Implant Dentistry) မေးရိုးတွင်း ဝက်အူစုပ် သွားစိုက်ခြင်း နည်းပညာသည် နောက်ပိုင်းတွင် တွင်ကျယ်စွာအသုံးပြုလာနိုင်သော စနစ်တစ်ခု ဖြစ်သည်။ မိမိသွားများ မဆုံးရှုံးရသော နည်းပညာဖြစ်သည်။ နည်းပညာ၊ ကိရိယာ၊ သန့်ရှင်းမှုနှင့် ကုန်ကျမှုပိုင်းဆိုင်ရာများတွင် ခက်ခဲမြင့်မားနေပါသေးသည်။

သွားစိုက်သည် ဟူသော ဝေါဟာရသည် ယခုနည်းဖြင့် သင့်လျော်သော အခေါ်အဝေါ် ဖြစ်သည်။

ရှေးယခင်က တခြားသောသူ၏ သွားကိုနုတ်ပြီး နုတ်ထားသော လူနာရှင်၏ ပါးစပ်တွင်း ပြောင်းရွှေ့ထည့်ခြင်းများ ရှိခဲ့ပါသည်။ ဆင်းရဲသောသူများသည် သွားကို ရောင်းချခြင်းများ ရှေးယခင်က ရှိခဲ့ဖူးပါသည်။ ရွှေသွားကဲ့သို့ သွားမရှိသူများသည် သွားတုကို အမြန်လိုချင်ကြပါသည်။ အမှန်စင်စစ် သွား၏တန်ဖိုးကို သွားမရှိသော သူများသာ သိရှိကြပါသည်။ အတုသည် အတုဖြစ်၍ အစစ်သည် အစစ်သာဖြစ်ပါသည်။ ကြိတ်ဝါး အား၏အရသာသည် ပြောပြမရနိုင်သော ခံစားချက်ဖြစ်ပါသည်။

## သွားတုအသုံးပြုသူများ လိုက်နာရန်အချက်များ

ပထမ တစ်မျိုးဖြစ်သော သွားပေါ်တွင်အခြေခံ၍ စွပ်ရသော သွားတုများသည် သွားတု၏အမျိုးအစား၊ အထူအပါး၊ အသုံးပြုသည့်ကာလ၊ ကြိတ်ဝါးအား၊ စားရသော အစားအစာပေါ်တွင် မူတည်ပြီး ကွဲခြင်း၊ ကားခြင်း၊ ပေါက်ခြင်း၊ ကျိုးခြင်း၊ အရည်ဝင် ခြင်း၊ ကျွတ်ခြင်း၊ ချောင်ခြင်း၊ လှုပ်ခြင်းရှိနိုင်ပါသည်။ သွားတုများမှ အပေါက်ကွဲများသည် လျှာနှင့်ပါးတို့ကို ရှတတ်ပါသည်။ ကြာရှည်စွာ ထိတွေ့ပွတ်တိုက်ရာမှ အနာဖြစ်ပြီး ကင်ဆာဖြစ်တတ်ပါသည်။ ပျက်စီးသွားသော သွားတုများကြောင့် အတွင်းထဲရှိ ကောင်းမွန် သောသွားသည် ပျက်စီးသောသွား ဖြစ်လာနိုင်သည်။

သွားတုရှိနေသောသူသည် မူလသွားထက်ပို၍ ဂရုစိုက်သင့်ပါသည်။ သွားတု၏ ဖွဲ့စည်းပုံနှင့် အနေအထား တည်ရှိပုံများသည် သွားအစစ်ကဲ့သို့ မဟုတ်ပါ။ သွားကြို သွားကြားများ၌ အစာညပ်လွယ်ပါသည်။ ကျန်ရှိနေသောသွား၏ တန်ဖိုးနှင့်ကျန်းမာရေးကို ဦးစားပေးရန်အတွက် ပျက်စီးသည်ကို သိလျှင်သိချင်း ပြန်လဲလှယ် ပေးရပါသည်။ လူ့တစ်သက် သွားတုတစ်သက် မရနိုင်ပါ။ လူသည် သက်ရှိဖြစ်၍ သွားတုသည် သက်မဲ့ ပစ္စည်း ဖြစ်ပါသည်။ အမြဲတမ်း ပုံသေထားပြီး မသုံးရပါ။ ခန္ဓာကိုယ် ပြောင်းလဲမှုသည် အချိန်နှင့်အမျှ ရှိနေသည်။ သွားတု၏ပြောင်းလဲမှုသည် ခန္ဓာကိုယ်ပြောင်းလဲမှုတိုင်း လိုက်လျောညီစွာ ရှိမနေပါ။ ထို့ကြောင့် သွားတု၏သက်တမ်းထက် မူလသွား၏ သက်တမ်းရှည်စေရေးအတွက် ခြောက်လတစ်ကြိမ် စစ်ဆေးမှု ခံယူပေးရပါမည်။

ဒုတိယအမျိုးအစားဖြစ်သော အံကပ်တပ်သူများတွင် သွားမရှိသော အခြေအနေ သုံးရသောအံကပ်နှင့် သွားကျန်တွင်သုံးရသော အံကပ်ဟူ၍ နှစ်မျိုး ရှိနိုင်ပါသည်။ သွားလုံးဝမရှိသောအံကပ်သည် သွားကျန်မရှိ၍ သွားပျက်စီးရန် လုံးဝမရှိပါ။ အောက်တွင် ရှိနေသော မေးရိုး၏ကျန်းမာရေး ကောင်းမွန်ရန် လိုအပ်ပါသည်။ သွားကျန်များတွင် သုံးရသော အံကပ်သည် အစာကပ်လွယ်ခြင်းများ ရှိပါသည်။ အံကပ်ကိုစနစ်မှန်၊ ပုံစံမှန် အသုံးပြုမှန်ဖြစ်လျှင် ပုံမှန်သန့်ရှင်းရေး ပြုလုပ်သူတွင် ကျန်ရှိနေသောသွားများ ပျက်စီးရန် နည်းပါသည်။

အံကပ်အသုံးပြုသူများ ပုံမှန်အနေအထားသို့ရောက်ရှိပြီဆိုလျှင် ရှစ်နာရီခန့်သာ အသုံးပြုသင့်ပါသည်။ အနားယူခြင်းနှင့် အိပ်နေသော အချိန်တွင် ချွတ်ထားသင့်သည်။

အစားအစာကို စားရသောအခါ ရှေ့သွားကို ဦးစားပေး မသုံးရပါ။ နောက်ဘက် အံသွားနေရာ၌ ဘယ်ညာနှစ်ဖက် အချိုးညီညာစွာ ဝါးပေးရပါမည်။

ချွတ်ထားသောအချိန်တွင် သွားဖုံးသားများ၏ သွေးလည်ပတ်မှု ကောင်းမွန်လာစေရန် သွားဖုံးသားများကို လက်ဖြင့်နှိပ်နယ်ပေးခြင်း၊ ဖိပေးခြင်းဖြင့် လှုံ့ဆော်ပေးရပါမည်။



ဝင်စတန်ချာချီ၏ အံကပ်။

အံကပ်ကို အစာစားပြီးတိုင်း သန့်ရှင်းပေးရပါမည်။ သန့်ရှင်းမှု ပြုလုပ်သောအခါ သွားပွတ်တံ၊ ဆပ်ပြာ၊ ရိုးရိုးရေ (မပူသောရေ)ကို အသုံးပြုရပါမည်။ ကြမ်းတမ်းစွာ မပွတ်တိုက်ရပါ။ အံကပ်ကို ဆေးသောအခါ ခွက်တစ်ခုတွင်ရေထည့်၍ အောက်မှခံထားပြီး ဆေးလျှင် လွတ်ကျသောအခါ မကျိုးပဲ့နိုင်ပါ။

အံကပ်တပ်ဆင်ထားသူများသည် အလွန်မာသော အစာ (ကွမ်းသီး၊ ပဲလှော်၊ အရိုးနှင့်) အလွန်စေးကပ်သော အစာ (ကောက်ညှင်း၊ ပီကေ)တို့ကို မစားသင့်ပါ။

အံကပ်အဟောင်းရှိသူသည် အံကပ်အသစ် ပြုလုပ်ပါက မူလအံကပ်အဟောင်းကို လုံးဝပြန်တပ်ဆင်ခြင်း မပြုလုပ်ရပါ။ အံကပ်အသစ်ကိုသာ တပ်ဆင်ရပါမည်။

အံကပ်အသုံးမပြုသည့်အချိန်၌ ရေထည့်ထားသော အဝကျယ် ပုလင်းထဲတွင် အံကပ်ထည့်ပြီး အဖုံးဖုံးထားပေးပါ။ နောက်တစ်ကြိမ် ထိုရေကို ပြန်မသုံးရပါ။

အံကပ်ကိုအသုံးပြုသူများ ငါးနှစ်ကြာရှိနေပါက အံကပ်အသစ် ပြန်လဲလှယ် ပေးရပါမည်။

တတိယအမျိုးအစားဖြစ်သော မေးရိုးတွင်း၏ ဝက်အူစွပ် သွားတုကို ပုံမှန်ဂရုစိုက် သည်ထက်ပင် ပို၍အလေးထားရပါမည်။ သွားအစစ်တွင် သွားနှင့်မေးရိုးကြား ဆက်သွယ် နေသော သွားမြစ်ဝန်းပါတ် တွယ်ဆက်တစ်သျှူးပါရှိသော်လည်း မေးရိုးတွင်း ဝက်အူစုပ် တွင် မပါရှိပါ။ လွန်စွာမာသောအစားအစာများကို အသုံးမပြုရပါ။ ခံတွင်းသန့်ရှင်းမှုနှင့် ကြိတ်ဝါးအားပေါ်မူတည်၍ သွားတု၏သက်တမ်းကို ပိုရှည်စေနိုင်ပါသည်။

သွားများ၏ ကြိတ်ဝါးအားများတွင် မွေးရာပါသွား၏ ကြိတ်ဝါးမှုသည် ပေါင် ၁၅၀ ရှိလျှင် ပထမအမျိုးအစား သွားတုသည် မူရင်းသွား၏ သုံးပုံတစ်ပုံသာ ဝါးနိုင်ပြီး ဒုတိယ အမျိုးအစား သွားတုအံကပ်သည် မူလသွား၏ ရှစ်ပုံတစ်ပုံခန့်သာ ကြိတ်ဝါး နိုင်ပါသည်။ မည်သို့သုံးသုံး မူလသွားသည် အကောင်းဆုံးဖြစ်၍ သွားရှိသူများ အတွက် **"သွားရှိလျှင် သွားတိုက်ပါ"** သွားမရှိသူများအတွက် **"သွားမရှိလျှင် သွားစိုက်ပါ"** ဟူသော ဆောင်ပုဒ်နှင့် အညီ လိုက်နာလျှင် သွားကောင်း၍ စားကောင်း၊ စားကောင်း၍ ပါးဖောင်းပြီးသွားလှ၍ ပါးလှမှာဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရ ပါသည်။ ။



## လင်းခေးမြို့ တိန်းချောင်းအတွင်း ငါးမျိုးစိုက်ထည့်

လင်းခေး ဩဂုတ် ၁၉

ငါးမျိုးမပြုန်းတီးစေရေး၊ မြစ်ချောင်း၊ အင်းအိုင်နှင့် သဘာဝရေပြင်များတွင် ငါးသယံဇာတ ပေါကြွယ်ဝရေး၊ ပြည်သူများ ငါးစားသုံးမှုဖူလုံရေးတို့ကို ရည်ရွယ်၍ လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးဌာန၏ လင်းခေးမြို့ တိန်းချောင်းအတွင်း ငါးမျိုးစိုက်ထည့် ပွဲကို ဩဂုတ် ၁၅ရက် ညနေ ၃နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

### မျိုးစိုက်ထည့်

အခမ်းအနားတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးတင့်ဆွေ၊ ခရိုင်အေးချမ်းသာယာ ရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ဆွေ၊ ခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဦးမြင့်နိုင်ဦး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စန်းစန်းညွန့်နှင့် မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ကျော်တို့က ငါးသားပေါက်အိတ်များကို ရပ်ကွက်၊ ကျေးရွာဥက္ကဋ္ဌများသို့ ပေးအပ်ပြီး တိန်းချောင်း အတွင်းသို့ ရွှေဝါငါးကြင်း၊ ငါးမြစ်ချင်း၊ တီလားဗီးယား ငါးသားပေါက်ကောင်ရေ နှစ်သိန်းနှစ်သောင်းငါးထောင် မျိုးစိုက်ထည့်ပေးကြသည်။ **(ခရိုင် ပြန်/ဆက်)**



နမ္မတူမြို့ ပန်ဟိုက်ရပ်ကွက်သို့ ရေပေးဝေလျက်ရှိသော ရေလှောင်ကန်ကြီး များအတွင်း ရေပိုမိုဝင်ရောက်စေရန် အငယ်တန်းအင်ဂျင်နီယာ(၂) ဦးခင်မောင်ဌေးနှင့် အဖွဲ့ ဇူလိုင်၉ရက်က ရေဝင်မြောင်းအတွင်း သဲနုန်းများ ရှင်းလင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကြည်ဝင်း ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

## လက်တွေ့အသုံးချ JAVA Programming သင်တန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၉

ကွန်ပျူတာနည်းပညာကို လေ့လာလိုသူများနှင့် ပြည်တွင်း ပြည်ပတွင် အောင်မြင်သော Programmer တစ်ယောက်အဖြစ် ဝင်ရောက်လုပ်ကိုင်လိုသူများအတွက် အထူးအကျိုးရှိစေမည့် Software Solution with JAVA သင်တန်းကို Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်းက ဖွင့်လှစ်သင်ကြားပေးသွားမည် ဖြစ်သည်။

JAVA Programming Language သည် Software Industry ၌ အသုံးများရုံသာမက နိုင်ငံတကာရှိ တက္ကသိုလ်ကြီးများတွင်လည်း အဓိက ဘာသာရပ်တစ်ခုအဖြစ် သင်ကြားပေးလျက်ရှိသည်။ ကွန်ပျူတာတက္ကသိုလ်၊ နည်းပညာတက္ကသိုလ် ကျောင်းသား ကျောင်းသူများနှင့် ကွန်ပျူတာနည်းပညာကို လေ့လာနေသူများ၊ ပြည်ပ၌ ကျောင်းတက်ရန် ရည်ရွယ်နေသူများအတွက် အထူးအကျိုးရှိစေမည့် သင်တန်းဖြစ်သည်။

### လေ့လာနိုင်

ယင်းသင်တန်းတွင် JAVA ၏ အဓိကကျသော Core Programming Techniques များသာမက JAVA ၏ Advanced Language Features များဖြစ်သော Generic, Annotations, Threading, Collection အစရှိသည်တို့ကို လေ့လာရမည်ဖြစ်သည်။ ထို့အပြင် သင်တန်းသားများ၏ Program Solving Skills, Creative Thinking Skills များ တိုးတက်လာစေရန်အတွက် လေ့ကျင့်ပေးမှုများလည်း ပါဝင်မည်ဖြစ်သည်။ အကျိုးဆက်အားဖြင့် နောင်အသစ်အသစ် ထွက်ပေါ်လာသော Programming Language များ၊ နည်းပညာအသစ်များကို မိမိကိုယ်တိုင် Self-Study လုပ်နိုင်သွားပြီး အလွယ်တကူ ဆက်လက်လေ့လာနိုင်မည် ဖြစ်သည်။

### စုံစမ်းနိုင်

အဆိုပါ သင်တန်းများကို Programming အခြေခံရှိသူ မည်သူမဆို တက်ရောက်နိုင်ပြီး သင်တန်းကို ဩဂုတ် ၂၇ရက်တွင် စတင်ဖွင့်လှစ်မည် ဖြစ်ပြီး သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ကာ တစ်ပတ်လျှင် နှစ်ရက် တက်ရောက်သင်ကြားရမည် ဖြစ်ကြောင်း၊ သင်တန်းသားဦးရေ ၁၅ဦးသာ ကန့်သတ်ထားရာ တက်ရောက်လိုသူများအနေဖြင့် ဩဂုတ် ၂၂ရက် နောက်ဆုံးထား၍ စာရင်းပေးသွင်းနိုင်ကြောင်း၊ စိတ်ပါဝင်စားသူများသည် Gusto ကွန်ပျူတာနည်းပညာ သင်တန်းကျောင်း အမှတ်၂၆၊ ၁၄လမ်း (အောက်လမ်း) လမ်းမတော်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၂၂၄၄၉၆ နှင့် ၀၉-၈၆၂၈၈၀၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

* *ကျောဖုံးမှ*

မော်လမြိုင်ကျွန်းမြို့နယ်သူ မြို့နယ်သားများအဖို့ ရာဇူဒိုင်မြစ်သည် ဒေသတွင်းကုန်စည်ပို့ဆောင်ရေးနှင့် ကူးသန်းသွားလာရေးအတွက် အထူးအားထားရသော မြစ်တစ်မြစ်ဖြစ်သည်။ သို့သော် ရာဇူဒိုင်မြစ်သည် မော်လမြိုင်ကျွန်းမြို့ကို ကျွန်းမြို့တစ်မြို့ဖြစ်အောင် အနားသတ်ပေးထားသည်။ မော်လမြိုင်ကျွန်းမြို့သူ မြို့သားများအနေဖြင့် ရာဇူဒိုင်မြစ် တည်ရှိနေခြင်းသည် ကုန်းလမ်းခရီး အတွက်ဆိုလျှင် အဟန့်အတားတစ်ခု ဖြစ်နေလေသည်။

မော်လမြိုင်ကျွန်းမြို့မှ ကုန်းလမ်းခရီးဖြင့် သွားမည်ဆိုလျှင် ရာဇူဒိုင်မြစ်ကို ဇက်ရေယာဉ်မကူးဘဲနှင့် မြို့နယ်အတွင်းက ကျိုက်ပိကိုပင် တိုက်ရိုက်မရောက်နိုင်ချေ။ မော်လမြိုင်ကျွန်း မြို့သူ မြို့သားများသည် ရှေးအစဉ်အဆက် ရေလမ်းခရီးကိုသာ အားကိုးအားထားပြု၍ သွားလာခဲ့ကြပြီး ၄င်းတို့ဘဝ တစ်သက်တာတွင် ရန်ကုန်မြို့သို့ ကုန်းလမ်းခရီးဖြင့် တိုက်ရိုက်သွားရန်မှာ မဖြစ်နိုင်တော့ဟု စိတ်တိုးတိုးချထားခဲ့ကြသည်။

## အကောင်အထည်ဖော်

သို့သော် နာဂစ်ဆိုင်ကလုန်းမုန်တိုင်းဒဏ်သင့်ခဲ့ပြီးနောက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ မြို့နယ်အတွင်း ဆက်သွယ်သွားလာမှု လွယ်ကူစေမည့် မော်လမြိုင်ကျွန်း- လှိုင်းဘုန်း- ခနဲ့လမ်းပိုင်းဖောက်လုပ်ရေးစီမံကိန်း၊ ရာဇူဒိုင်တံတားအမှတ်(၁) တည်ဆောက်ရေးစီမံကိန်း၊ ရာဇူဒိုင်တံတား အမှတ်(၂) တည်ဆောက်ရေးစီမံကိန်း၊ ကျေးလက်အိမ်ရာဆောက်လုပ်ရေးနှင့် ပညာရေးဆိုင်ရာလုပ်ငန်းများကို နာဂစ်မုန်တိုင်းလွန်ကာလတွင် အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့သည်။

ယခုအခါ မော်လမြိုင်ကျွန်း- လှိုင်းဘုန်း-ခနဲ့လမ်း ၂၉မိုင် ၄ဖာလုံကို မြေသားတာပေါင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးကာ လမ်းကြောင်းပေါ်ရှိ တံတား ၂၂စင်းအနက် ၁၇စင်းကို ဆောင်ရွက်ပြီးဖြစ်၍ ဆောင်ရွက်ရန်တံတား ငါးစင်းသာကျန်ရှိသည်။

## အောင်မြင်စွာဖွင့်လှစ်

မအူပင်-ရေလဲကလေး-ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်၌တည်ရှိသော ရာဇူဒိုင်တံတား အမှတ်(၂) ကို ၁၄-၂-၂၀၀၉ရက်တွင် စတင်တည်ဆောက်ပြီး ၉-၁-၂၀၁၀ ရက်တွင် အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သည်။

ရာဇူဒိုင်တံတား အမှတ်(၂)သည် သံကူကွန်ကရစ်တံတား အမျိုးအစား၊ တံတားအရှည်ပေ ၅၄၀၊ ယာဉ်သွားလမ်းအကျယ်ပေ ၂၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေစီဖြစ်သည်။



**"ရာဇူဒိုင်တံတားနှစ်စင်း တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့လို့ အနာဂတ်မှာ မော်လမြိုင်ကျွန်းမြို့နယ် အခုထက်ပိုပြီး ဖွံ့ဖြိုးစည်ပင်လာမှာပါ။"**

ဦးအောင်ကျော်ခိုင်
ဥက္ကဋ္ဌ
မော်လမြိုင်ကျွန်းမြို့နယ်
အေးချမ်းသာယာရေးနှင့်
ဖွံ့ဖြိုးရေးကောင်စီ။

## စတင်တည်ဆောက်

မအူပင်-ရေလဲကလေး- ရွှေတောင်မော်-ကျိုက်ပိ-မော်လမြိုင်ကျွန်းလမ်းပေါ်၌ တည်ရှိသော ရာဇူဒိုင်တံတား အမှတ်(၁)ကို ၁-၄-၂၀၀၉ရက်တွင် စတင်တည်ဆောက်ပြီး ၂၂-၇-၂၀၁၀ ရက်တွင် အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သည်။

ရာဇူဒိုင်တံတားအမှတ်(၁)သည် ပင်မတံတားသံမဏိသံပေါင် အမျိုးအစား၊ ချဉ်းကပ်တံတား သံကူကွန်ကရစ် ရက်မနှင့်ကြမ်းခင်း၊ တံတားအရှည် ၁၈၃၅ပေ ၉ လက်မ၊ ပင်မတံတား ၉၉၈ပေ ၃ လက်မ၊ ချဉ်းကပ်တံတား မော်လမြိုင်ကျွန်းဘက်ကမ်းပေ ၆၆၀၊ ကျိုက်ပိဘက်ကမ်း ၁၇၇ပေ ၆ လက်မ၊ ယာဉ်သွားလမ်း အကျယ်ပေ ၂၀၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် နှစ်ပေစီဖြစ်သည်။

ရာဇူဒိုင်တံတားအမှတ်(၁)နှင့် ရာဇူဒိုင်တံတား အမှတ်(၂) တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခြင်းသည် မော်လမြိုင်ကျွန်းမြို့သူ မြို့သားများ၏ လူနေမှုဘဝကို များစွာပြောင်းလဲ မြှင့်တင်ပေးနိုင်ခဲ့လေသည်။ မော်လမြိုင်ကျွန်းမြို့နယ်သူ မြို့နယ်သားများအနေဖြင့် ရာဇူဒိုင်မြစ်ကူးတံတားကြီးနှစ်စင်း ပေါ်ပေါက်လာသည်မှာ အိပ်မက်သဏ္ဍာန်မှ အစစ်အမှန်အဖြစ် ရုပ်လုံးပေါ်လာခြင်းပင်ဖြစ်သည်။

## ကားလမ်းပေါက်

မော်လမြိုင်ကျွန်းမြို့နယ် ရေယာဉ်ပိုင်ရှင်များအသင်းဥက္ကဋ္ဌ ဦးနီက "ရာဇူဒိုင်တံတားကြီးနှစ်စင်းကို တစ်နှစ်ကျော်ကာလအတွင်းမှာ တည်ဆောက်ဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဟာ မော်လမြိုင်ကျွန်းမြို့သူ မြို့သားတွေအတွက် အိပ်မက်တစ်ခုလိုဖြစ်နေပါတယ်။ အရင်က ရေလမ်းကိုသာ အသုံးပြုနေခဲ့ရပြီး အခုလို တံတားကြီးနှစ်စင်းဖြစ်လာမယ်လို့ မမျှော်လင့်ခဲ့ပါဘူး။ တံတားကြီးနှစ်စင်း တကယ်ဖြစ်လာတော့ အားလုံးဝမ်းသာကြရတယ်။ အရင်က ရန်ကုန်ကို သင်္ဘောနဲ့သွားရင် ၁၂နာရီလောက်သွားခဲ့ရပေမယ့် ကားလမ်းပေါက်သွားတော့ ရန်ကုန်ကို လေးနာရီနဲ့ ခရီးပေါက်တယ်။ တံတားကြီးနှစ်စင်း တည်ဆောက်ပေးတဲ့ နိုင်ငံတော်ရဲ့ စေတနာအပေါ် ကျေးဇူးတင်လို့မဆုံးပါဘူး" ဟု ရင်တွင်းခံစားချက်ကို ပြောကြားသည်။

## စည်ကား

မော်လမြိုင်ကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်ကလည်း "ရာဇူဒိုင်တံတားအမှတ်(၂) ဖွင့်ပြီးတဲ့အချိန်မှာ ရာဇူဒိုင်တံတားအမှတ်(၁) မပြီးသေးလို့ ဇက်ကူးနေရသေးတယ်။ အခုဆိုရင် ရာဇူဒိုင် တံတားအမှတ်(၁) ပြီးသွားလို့ ဇက်မကူးရတော့ဘူး။ တံတားဖွင့်ပွဲပြီးတာနဲ့ မြို့နယ်သူ မြို့နယ်သားတွေ စက်ဘီး၊ ဆိုင်ကယ်၊ ထော်လာဂျီတွေနဲ့ တံတားကြီးကို သွားကြည့်ကြတာ ညနေစောင်းဆိုရင် တံတားပေါ်မှာ စည်ကားနေတာပဲ" ဟု ပြောကြားသည်။

## အလေးထားလုပ်ဆောင်

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ အင်ဂျင်နီယာမှူး ဦးအောင်စိုးကလည်း "အခုဆိုရင် နိုင်ငံတော်အစိုးရက ရာဇူဒိုင်တံတားနှစ်စင်း တည်ဆောက်ပေးခဲ့လို့ ဆက်သွယ်သွားလာမှု အများကြီးလွယ်ကူအဆင်ပြေလာပါပြီ။ မော်လမြိုင်ကျွန်းမြို့ပေါ်မှာ မော်တော်ယာဉ် အသွားအလာ များပြားလာတော့မှာမို့ မြို့တွင်းလမ်းတွေ ကောင်းမွန်ရေးကို အလေးထားလုပ်ဆောင်သွားရမှာ ဖြစ်ပါတယ်" ဟု ပြောကြားသည်။

မော်လမြိုင်ကျွန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သည် မြို့ပြနှင့် ကျေးလက်လမ်း၊ တံတားများကို ဆောင်ရွက်ခဲ့ရာ မြို့ပြလမ်းအနေဖြင့် ကတ္တရာလမ်း ၃၅ လမ်း (၁၃မိုင် ၂ဖာလုံ)၊ ကျောက်ချောလမ်း ၁၈လမ်း (၅မိုင် ၃ဖာလုံ)၊ မြေသားလမ်း ၉၂လမ်း (၂၀မိုင် ၄ဖာလုံ)၊ မြို့ပြတံတားအနေဖြင့် ကွန်ကရစ်တံတား ၁၃၂စင်း၊ သစ်သားတံတားခုနစ်စင်း၊ ရေပွန် ၃၈ခု၊ ကျေးလက်လမ်းအနေဖြင့် ကတ္တရာလမ်း နှစ်လမ်း (၆ဖာလုံ)၊ ကျောက်ချောလမ်း ကိုးလမ်း (၁၁မိုင် ၅ဖာလုံ)၊ မြေသားလမ်း နှစ်လမ်း (၃၁မိုင် ၂ဖာလုံ)၊ ကျေးလက်တံတားအနေဖြင့် ကွန်ကရစ်တံတား တစ်စင်း၊ သစ်သားတံတား ၁၅စင်း တည်ဆောက်နိုင်ခဲ့ပြီးဖြစ်သည်။ ထို့အပြင် မြို့တွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးများ အတွင်းအပြင် သန့်ရှင်းရေးဆောင်ရွက်ခြင်းနှင့် မြို့တွင်း လမ်းလယ်ကျွန်းများ၌ မီးဆိုင်းတပ်ဆင်ခြင်းနှင့် ပန်းအလှပင်များ စိုက်ပျိုးခြင်းတို့ကို ဆောင်ရွက်ထားရှိသည်။

မော်လမြိုင်ကျွန်းမြို့သို့ ရောက်ရှိခိုက် မြို့မိမြို့ဖများနှင့် စကားဝိုင်းဖွဲ့ဖြစ်ခဲ့ရာ ရာဇူဒိုင်တံတားကြီးနှစ်စင်းအကြောင်းက ပါလာစမြဲပင်ဖြစ်သည်။ မော်လမြိုင်ကျွန်းမြို့မှ မြို့မိမြို့ဖများဖြစ်ကြသော ဦးလှရွှေ (ဆန်စက်လုပ်ငန်းရှင်)၊ ဦးမြင့်ဆွေ၊ ဦးကျော်ငွေးနှင့် ဦးသိုက်စိုးတို့ကလည်း "ယခုအခါ တံတားကြီးနှစ်စင်း တကယ်ဖြစ်လာ၍ ကျိုက်ပိလမ်းမှာ အလွန်အသုံးဝင်လာပြီဖြစ်ကြောင်း၊ အားလုံး၏စိတ်ထဲတွင် အိပ်မက်တစ်ခုလို ဖြစ်နေကြကြောင်း၊ တံတားကြီးနှစ်စင်း တည်ဆောက်ပေး၍ နိုင်ငံတော်အစိုးရကို အထူးကျေးဇူးတင်မိကြောင်း၊ ကားလမ်းပေါက်ပြီဖြစ်၍ သတင်းစာ နေ့ချင်းဖတ်ချင်သည့် ဆန္ဒဖြစ်ပေါ်လာကြောင်း၊ မကြာမီ ဖြစ်လာမည်ဟု ထင်ပါကြောင်း" ဖြင့် ရင်တွင်းခံစားချက်များကို ဖွင့်ဟခဲ့ကြသည်။

## ပြည်သူ့ဆေးရုံအသစ်

ယခုအခါ မော်လမြိုင်ကျွန်းမြို့အဝင် တည်ချောင်းကျေးရွာအုပ်စု ဂျုံးဂျုံးကျကျေးရွာ၌ ခုတင်(၁၀၀)ဆံ့ မြို့နယ်ပြည်သူ့ဆေးရုံအသစ်ကို တည်ဆောက် အကောင်အထည်ဖော်လျက်ရှိသည်။

ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံသည် မြေဧရိယာ ၂၅ဧက ကျယ်ဝန်းပြီး လူနာဆောင် လေးဆောင်ပါဝင်ကာ RC တစ်ထပ် သံကူကွန်ကရစ် အမျိုးအစားဖြစ်သည်။ ၂၀-၉-၂၀၀၉ ရက်တွင် စတင်တည်ဆောက်ခဲ့ပြီး ယခုအခါ လုပ်ငန်းအားလုံး၏ ၇၀ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်သည်။

## အိပ်မက်တံတားကြီး

မော်လမြိုင်ကျွန်း မြို့နယ်သူ မြို့နယ်သားများအတွက် အိပ်မက်တံတားကြီးနှစ်စင်းဖြစ်သော ရာဇူဒိုင်တံတား အမှတ်(၁)နှင့် ရာဇူဒိုင်တံတားအမှတ်(၂)တို့ကို ဖွင့်ပွဲအခမ်းအနားကျင်းပစဉ်က ဒေသခံပြည်သူများ အုန်းအုန်းကျွက်ကျွက် တစ်ခဲနက် တက်ရောက်အားပေးခဲ့ကြသည်။ တာဝန်ရှိသူများက တံတားကြီးကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးလိုက်ချိန်တွင် ဒေသခံပြည်သူများ၏ တစ်ခဲနက် လက်ခုပ်သြဘာသံများ ပေါ်ထွက်လာပြီး ရာဇူဒိုင်မြစ်အတွင်း ပွဲတင်ထပ်မြည်ဟည်းကာ လှိုင်းပုတ်သံများနှင့်အတူ ပီတိလှိုင်းဂယက်များ ဒေသခံပြည်သူများ၏ ရင်ထဲ၌ ဝေဖြာသွားခဲ့ပါတော့သည်။ ။



မော်လမြိုင်ကျွန်းမြို့

မော်လမြိုင်ကျွန်းမြို့ မဟာဗန္ဓုလလမ်းတစ်လျှောက် လမ်းလယ်ကျွန်းတွင် မီးဆိုင်းများတပ်ဆင်ထားမှုနှင့် ပန်းအလှပင်များ စိုက်ပျိုးထားမှုကို တွေ့ရစဉ်။

# New Mobile ငါးသိန်းတန် Handset အထူးဈေးရောင်းပွဲတော်

ရန်ကုန် ဩဂုတ် ၁၉

ဈေးနှုန်းနှင့် ပစ္စည်းမှန်ကန်မှုကြောင့် Customer များ၏ ယုံကြည်စိတ်ချမှုကို ခံယူရရှိထားသော New Mobile ၏ အထူးဈေးရောင်းပွဲတော်ကို ဩဂုတ် ၂၀ရက်မှ ၂၃ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပမည့် Life Style & Car Expo 2010 ပြပွဲ၌ ပါဝင်ပြသ ရောင်းချမည်ဖြစ်သည်။

အဆိုပါဈေးရောင်းပွဲတော်တွင် နယ်မြေကန့်သတ်ချက်မရှိတော့သဖြင့် လူကြိုက်များလာသော ကျပ်ငါးသိန်းတန် CDMA (800MHz) များ၏ Handset နှင့် အထိုင်ဖုန်းအမျိုးအစားပေါင်း ၅၀ကျော်ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးမည်ဖြစ်ပြီး ၄င်း CDMA (800MHz) ကိုင်ဆောင်ရန် လျှောက်ထားလိုသူများကိုလည်း New Mobile မှ ဝန်ဆောင်မှုပြုလုပ်ပေးမည်ဖြစ်သည်။ ၄င်းအပြင် ကမ်းရိုးတန်းသုံး CDMA (450MHz) Handset နှင့် အထိုင်ဖုန်းများကိုလည်းကောင်း၊ စင်ကာပူနိုင်ငံမှ တင်သွင်းသော အရည်အသွေးမြင့် GSM Handset များကိုလည်းကောင်း စုံလင်စွာ ခင်းကျင်းရောင်းချမည်ဖြစ်သည်။

ထိုသို့ရောင်းချရာတွင် ပြင်ပလက်ရှိရောင်းဈေးထက် ဖုန်းအမျိုးအစားပေါ်မူတည်၍ တစ်လုံးလျှင် ငွေကျပ် ၅၀၀၀မှ ၄၀၀၀၀ အထိဈေးလျှော့ ရောင်းချပေးမည်ဖြစ်ပြီး ရောင်းချသည့်ပစ္စည်းများကိုလည်း သုံးလအာမခံပေးထားမည် ဖြစ်သည်။

## မေးမြန်းနိုင်

ထို့ကြောင့် အရည်အသွေးမြင့် Handset ကိုင်ဆောင်လိုသူများနှင့် ငွေကျပ်ငါးသိန်းတန် CDMA (450MHz, 800MHz) ကတ်ဖုန်းကိုင်ဆောင်ရန် လျှောက်ထားသူများ New Mobile ၏ အထူးဈေးရောင်းပွဲတော်တွင် လာရောက်ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အမှတ် ၂၇၁/၂၇၃ ဗိုလ်အောင်ကျော်လမ်း (အလယ်ဘလောက်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁-၃၈၆၅၉၄ နှင့် ၀၉-၅၀-၉၁၂၈၂ တို့သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(မြန်မာ့အလင်း)**



ကျောက်ကြီးမြို့ ရေစီးရေလာကောင်းမွန်ရေးနှင့် လမ်းဘေးပန်းအလှပင်များ စိုက်ပျိုးခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ဝန်ထမ်းများ ဩဂုတ် ၇ရက်က စုပေါင်းဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးကျော်စွာလင်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးမျိုးမြတ်စိုးတို့ ကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

# MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၈-၂၀၁၀ (သောကြာနေ့)

**နံနက်ပိုင်း**

၅:၀၀ MRTV-4 အဖွင့် Logo၊ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅:၁၅ MRTV-4 သတင်း
၆:၀၀ **ပါရမီအခြေခံသစ္စာဉာဏ် တရားတော်** (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၆:၄၀ ဓမ္မစကြာတရားဦးဟောရာ မိဂဒါဝုန်မှာ သံဝေဂရယူပါ
၇:၀၀ MRTV-4 သတင်း
၇:၄၅ MRTV-4 ကာတွန်းအစီအစဉ်
၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၃)
၈:၄၀ Sports World
၉:၀၀ Activities in the City
-မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
-Right Onco Care Centre ၏ အဆုတ်ကင်ဆာအကြောင်း ပညာပေးဟောပြောပွဲ
၉:၂၅ မြန်မာ့ခြင်းလုံး
၉:၃၅ Movie Talk (ဒါရိုက်တာ-ကြည်စိုးထွန်း၊ နှင်းဆီ) (အပိုင်း-၂)
၁၀:၂၅ ရော်ဘာအစေးလှီးရာတွင် အရေးကြီးသည့်အချက်များ
၁၀:၃၅ ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
၁၀:၄၅ သူ့ဘဝနှင့် သူ၏အနုပညာ (စောင်းပညာရှင်ဒေါ်ခင်မေနှင့် တွေ့ဆုံခြင်း)
၁၀:၅၅ VJ Choice
၁၁:၂၅ **မျက်ရည်စက်များကင်းစေချင်**
အကယ်ဒမီနေအောင်၊ အကယ်ဒမီ ချိုပြုံး၊ မိုးအောင်ရင်၊ ခိုင်ငြိမ်းငြိမ်းစံ၊ [ဒါရိုက်တာ-ဒေါက်တာတင်အောင်ရွှေ (သုတေသီ)]
၁၂:၀၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဒေါ်သီတာဝင်း၏ မြန်မာပွဲတက်ဝတ်စုံများ)
၁၂:၂၅ သပ်ရပ်လှပအကွက်ဆင် ပန်းတနော်သင်
၁၂:၃၅ Activities in the City
-မိုးကုတ်ဝိပဿနာအဖွဲ့ချုပ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ
-Right Onco Care Centre ၏ အဆုတ်ကင်ဆာအကြောင်း ပညာပေးဟောပြောပွဲ
၁:၀၀ **ပါရမီအခြေခံသစ္စာဉာဏ် တရားတော်** (သန္တာဦးဆရာတော် ဘဒ္ဒန္တဝဏ္ဏသာမိ)
၁:၄၀ ဖူးမြော်မဝပြီ ဖိုးဦးတောင်စေတီ
၂:၀၀ MRTV-4 သတင်း
၂:၄၅ 2010 Summer Youth Olympics
၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်** (အပိုင်း-၈၃)
၄:၀၅ မူပိုင်ကိုယ်စီ တေးကိုသီ
၄:၃၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၄:၅၅ မော်တင်စွန်းဆီသို့····
၅:၂၅ MNL Preview
၆:၀၀ MRTV-4 သတင်း
၆:၂၀ သူတို့ပြောတဲ့ သူတို့အကြောင်း ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၆:၄၅ ဖက်ရှင်လမ်းညွှန် (ဒီဇိုင်နာဒေါ်သီတာဝင်း၏ မြန်မာပွဲတက်ဝတ်စုံများ)
၇:၃၀ FMF Selection
၈:၀၀ MRTV-4 သတင်း
၈:၃၀ World of Knowledge (The Megafalls of Iguacu)
၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **ပြောင်းလဲမရတဲ့အချစ်**(အပိုင်း-၈၃)
၁၀:၀၀ VJ Choice
၁၀:၂၅ သူတို့ပြောတဲ့ သူတို့အကြောင်း ဟာသသရုပ်ဆောင် အကယ်ဒမီမိုးဒီနှင့်တွေ့ဆုံခြင်း (အပိုင်း-၁)
၁၀:၅၀ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာနိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၁:၀၅ တိုးတက်မှုအစုံစုံ စစ်ကိုင်းမြို့ရဲ့ မြင်ကွင်းအဖုံဖုံ
၁၁:၂၅ သူ့ဘဝနှင့် သူ၏အနုပညာ (စောင်းပညာရှင်ဒေါ်ခင်မေနှင့် တွေ့ဆုံခြင်း)
၁၁:၃၅ ငှက်များစောင့်ကြည့်လေ့လာခြင်း (လှော်ကားဥယျာဉ်)
၁၁:၄၅ ဆန်းသစ်တီထွင်လာသော မြန်မာ့ရုပ်သေးအကများ
၁၁:၅၀ မြန်မာ့ခြင်းလုံး
၁၂:၀၀ ကဏ္ဍစုံလင်အားကစားအစီအစဉ်
၁:၀၀ အစီအစဉ်ပြီး၏။

**MRTV-4 အစီအစဉ်ကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။**

ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား ကမ္ဘာတစ်လွှားအားကစား

# ၂၀၁၀ လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင်

● စုစည်းရေးသားသူ - အာကာကျော် စာမျက်နှာဖွဲ့စည်းမှု - ဝင့်မာသွင် (မြန်မာ့အလင်း) ●

စင်ကာပူ ဩဂုတ် ၁၉

**၂၀၁၀လူငယ်အိုလံပစ်အားကစားပြိုင်ပွဲများ စင်ကာပူနိုင်ငံ၌ ဩဂုတ် ၁၉ရက်က ဆက်လက်ကျင်းပလျက်ရှိရာ ဂျပန်နိုင်ငံမှ အသက် ၁၅နှစ်အရွယ်ရှိ ယူမာကာမိုတိုက ကျွမ်းဘားအားကစားဖြင့် ဂျပန်နိုင်ငံအတွက် ပထမဆုံးရွှေတံဆိပ် ဆွတ်ခူးပေးလိုက်သည်။**

ကာမိုတိုသည် ရမှတ် ၈၆ဒသမ ၃၈ဖြင့် ပထမဆု ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ယူကရိန်းမှ အိုလက်စတက်ကိုက ဒုတိယရပြီး တရုတ်မှ ဂူကျောက်ဒေါင်က ကြေးတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**တိုက်ကွမ်ဒို**

အမျိုးသမီး ၅၅ကီလိုတန်း တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဗြိတိန်မှ ဂျိတ်ဂျုံးစ်က ဗီယက်နမ်မှ သာအိုငှယင်ကိုနိုင်ပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

**ဂျပန်လူငယ် ကျွမ်းဘားကစားသမား ယူမာကာ မိုတိုပြိုင်ပွဲတွင် အနိုင်ရပြီး နည်းပြနှင့်အတူ ဤသို့ အောင်ပွဲခံခဲ့သည်။**



တောင်ကိုရီးယားတိုက်ကွမ်ဒိုကစားသမား ဆေးအို ဘိုင်ယွန်ဒီယော့သည် လူငယ်အိုလံပစ်အားကစားပြိုင်ပွဲတွင် နိုင်ငံအတွက် တတိယမြောက် ရွှေတံဆိပ် ဆွတ်ခူးပေး နိုင်ခဲ့သည်။

ဆေးအိုသည် ဗိုလ်လုပွဲတွင် ပေါ်တူဂီနိုင်ငံမှ မာရီယို ဆေးလ်ဗားအား ၆၃ကီလိုတန်းတွင် ၉မှတ်-၅မှတ်ဖြင့် အနိုင်ရလိုက်ခြင်းဖြစ်သည်။



**တိုက်ကွမ်ဒိုပြိုင်ပွဲတွင် ဗြိတိန်မှ ဂျိတ်ဂျုံးစ်နှင့် ဗီယက်နမ်မှ သာအိုငှယင်တို့ ဤသို့ အကြိတ်အနယ်....။**

အသက် ၁၇နှစ်ရှိ ဆေးအိုသည် အကြိုဗိုလ်လုပွဲတွင် မက္ကဆီကိုမှ အယ်ဂျန်ဒရိုဗားဒက်စ်အား ၅မှတ်-၀ဖြင့် နိုင်ပြီး ဗိုလ်လုပွဲတက်ခဲ့ခြင်းဖြစ်သည်။

**ရေကူး**

တောင်ကိုရီးယားမှ အသက် ၁၈နှစ်အရွယ်ရှိ ရေကူး ချန်ပီယံ ချန်ရုက အမျိုးသား မီတာ ၁၀၀လိပ်ပြာကူးတွင် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။ ၎င်းသည် စံချိန် ၅၃ဒသမ ၁၃စက္ကန့်ဖြင့် ပန်းဝင်ဗိုလ်စွဲကာ ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။ ၎င်းသည် မီတာ ၅၀နှင့် မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲတို့တွင်လည်း ဆုတံဆိပ်များ မှန်းထားသူဖြစ်ကြောင်း သိရသည်။

**ဗြိတိန်မှ အမျိုးသမီး တိုက်ကွမ်ဒို ကစားသမား ဂျိတ်ဂျုံးစ် ရွှေတံဆိပ်နှင့်အတူ အောင်ပွဲခံနေစဉ်။**



**အလေးမ**

အမျိုးသမီး ၆၃ကီလိုတန်း အလေးမပြိုင်ပွဲတွင် ကာဇက်စတန်မှ ဇာဇီယာဇာပါကူးလ်က စုစုပေါင်း ၂၀၅ ကီလိုဂရမ်မပြီး ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

ယင်းပြိုင်ပွဲတွင် ရုရှားမှ ဒီယာနာအတ်မီတိုဗာက စုစုပေါင်း ၂၀၄ကီလိုဂရမ်မပြီး ငွေတံဆိပ်ဆွတ်ခူးနိုင်ခဲ့



**တောင်ကိုရီးယား လူငယ်တိုက်ကွမ်ဒိုကစားသမား ဆေးအို(ဝဲ)နှင့် ပေါ်တူဂီမှ ဆေးလ်ဗားတို့ ဤသို့ အကြိတ်အနယ်....။**

သည်။ ကြေးတံဆိပ်ကိုတော့ မက္ကဆီကိုမှ အာမီဖူယန်တက်က ၁၉၄ကီလိုဂရမ်မပြီး ဆွတ်ခူးနိုင်ခဲ့သည်။

**ရေကူး**

ရုရှားနိုင်ငံမှ အင်ဒရေးယူရာကော့ဗ်သည် အမျိုးသား မီတာ ၂၀၀ အလွတ်ရေကူးပြိုင်ပွဲတွင် စံချိန် ၁မိနစ် ၄၉ဒသမ ၈၁စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးနိုင်ခဲ့သည်။

ဩစတြေးလျနိုင်ငံမှ နီကိုလတ်က အမျိုးသား မီတာ၁၀၀ ဖားကူးပြိုင်ပွဲတွင် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ၎င်းသည် စံချိန် ၁မိနစ် ၃၈စက္ကန့်ဖြင့် ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ။ **ကိုးကား - အင်တာနက်**

အနုပညာနှင့် ဘဝပုံရိပ်လွှာ အနုပညာနှင့် ဘဝပုံရိပ်လွှာ

# တရုတ်အနုပညာငွေကြယ်ပွင့် ကျန်ဇီယီ

**စုစည်းရေးသားသူ မောင်မောင်မြင့်ဆွေ**

*ပေကျင်း ဩဂုတ် ၁၉*

*အာရှသရုပ်ဆောင် အနုပညာရှင်တွေဟာ ဥရောပက သရုပ်ဆောင်တွေနဲ့အပြိုင် ကြိုးစားအားထုတ်မှု၊ ဇာတ်ရုပ်နဲ့ အံဝင်ခွင်ကျ သရုပ်ဆောင်နိုင်မှုရှိသူတွေ ဖြစ်ပါတယ်။ ပရိသတ်အားပေးမှုနဲ့ ရုပ်ရှင်အတတ်ပညာ၊ နည်းပညာအပိုင်းတွေမှာ ကွာခြားမှု ရှိကောင်းရှိပေမယ့် အနုပညာအရည်အသွေးပိုင်းမှာတော့ နိမ့်ကျခြင်း မရှိပါဘူး။ ကမ္ဘာ့ပရိသတ်တွေ နှစ်မြိုက်အားပေးအောင် သရုပ်ဆောင်မှုအပိုင်းမှာ ပီပြင်မှုရှိကြသူတွေချည်း ဖြစ်ပါတယ်။*

*အာရှသရုပ်ဆောင်တွေထဲကမှ တရုတ်နိုင်ငံရဲ့ အနုပညာငွေကြယ်ပွင့်တစ်ပွင့်ဖြစ်တဲ့ တရုတ်အမျိုးသမီးသရုပ်ဆောင် ကျန်ဇီယီရဲ့အနုပညာနဲ့ လူမှုဘဝဖြတ်သန်းမှုကို လေ့လာကြည့်လိုက်တဲ့အခါ သူမရဲ့ပုံရိပ်လွှာကို အခုလို တွေ့မြင်ကြရမှာ ဖြစ်ပါတယ်။*



*မွေးဖွား*

*ကျန်ဇီယီဟာ ၁၉၇၉ခုနှစ် ဖေဖော်ဝါရီ ၉ရက်မှာ မွေးဖွားသူဖြစ်လို့ အသက် ၃၁နှစ်ရှိပြီ ဖြစ်ပါတယ်။ တရုတ်နိုင်ငံ ပေကျင်းမြို့ဇာတိဖြစ်တဲ့အပြင် ငယ်စဉ်ကတည်းက အနုပညာကို ဝါသနာပါခဲ့သူဖြစ်လို့ အသက် ရှစ်နှစ်အရွယ်မှာ အကပညာကို ပေကျင်းအကအကယ်ဒမီမှာ လေ့လာဆည်းပူးခဲ့သူ ဖြစ်ပါတယ်။ အနုပညာဘက်မှာ ပါရမီရှိသူမို့ အကအကယ်ဒမီမှာ နာမည်ကြီးခဲ့ပြီး ကလေးသရုပ်ဆောင်အနေနဲ့ စတင်ခဲ့ပါတယ်။ ကျန်ဇီယီ နာမည်ကြီးခဲ့တဲ့ ရုပ်ရှင်ဇာတ်ကားတွေကတော့ **Crouching Tiger, Hidden Dragon၊ House of Flying Daggers၊ Memoirs of a Geisha** တွေ ဖြစ်ပါတယ်။*

*ကျန်ဇီယီဟာ လောလောဆယ်မှာ **HIV/AIDS** နဲ့ ပတ်သက်ပြီး သံတမန်တစ်ဦးအဖြစ် တာဝန်ပေးထားတာမို့ ဝေဒနာရှင်တွေနဲ့ တွေ့ဆုံပြီး အားပေးမှုနဲ့ ကူညီမှုတွေ ဆောင်ရွက်ပေးနေပါတယ်။ လာမယ့် အောက်တိုဘာမှာ စတင်ရိုက်ကူးမယ့် **Hua Mulan** ရုပ်ရှင်ဇာတ်ကားကို သရုပ်ဆောင်ရော ထုတ်လုပ်သူအဖြစ်ပါ ပူးတွဲလုပ်ကိုင်မှာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့နှစ် ဧပြီလတုန်းကတော့ အစ္စရေးနိုင်ငံသား မီလျံနာတစ်ဦးဖြစ်တဲ့ ဗီဗီနေဗိုနဲ့ လက်ထပ်ဖို့ကိစ္စဟာ ပျက်ပြယ်ခဲ့ပါတယ်။ ဒါကလည်း ဗီဗီနေဗိုရဲ့ ခုနစ်နှစ်အရွယ် သမီးငယ်ကိစ္စကြောင့် ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ကျန်ဇီယီဟာ ရုပ်ရှင်ရိုက်ကူးမှုနဲ့ သရုပ်ဆောင်မှုအပေါ် အာရုံစိုက်ပြီး အနုပညာအလုပ်တွေကို လုပ်ကိုင်နေပါတယ်။*

*ဆောင်ရွက်နိုင်*

*ချိုင်းနားစင်ထရယ် ဒရာမာကောလိပ်ကနေ ဘွဲ့ရခဲ့သူဖြစ်လို့ သရုပ်ဆောင်၊ ဒါရိုက်တာ၊ ထုတ်လုပ်သူအပြင် ဇာတ်ညွှန်းရေးသားမှုတွေကိုလည်း စနစ်တကျဆောင်ရွက်နိုင်သူဖြစ်ပါတယ်။ ဒါကြောင့်မို့ တရုတ်နိုင်ငံရဲ့ ရုပ်ရှင်သရုပ်ဆောင်လောကမှာ စွယ်စုံရအမျိုးသမီး သရုပ်ဆောင်တစ်ဦးလည်း ဖြစ်ပါတယ်။ ကျန်ဇီယီဟာ ပြီးခဲ့တဲ့ ဇန်နဝါရီလက သူပြော ကြားခဲ့သလို **Snow Flower and the Secret Fan** အမည်ရှိတဲ့ ရုပ်ရှင်ဇာတ်ကားကို ရိုက်ကူးထုတ်လုပ်တော့မှာ ဖြစ်ပါတယ်။ အမေရိကန်နိုင်ငံ ဟောလီဝုဒ်မှာ ရုပ်ရှင်ရိုက်ကူး သရုပ်ဆောင်မှုအတွက် ကမ်းလှမ်းမှုတွေ လက်ခံရရှိထားတာမို့ အဲဒီအနုပညာအလုပ်တွေကိုလည်း သွားရောက်လုပ်ကိုင်မှာ ဖြစ်ပါတယ်။ လောလောဆယ်မှာတော့ ကျန်ဇီယီဟာ ကမ္ဘာလုံးဆိုင်ရာ အိုလံပစ်အားကစားပွဲတော်တွေမှာ နှီးဆော်ရေးသံတမန်နဲ့ ကလေးသူငယ်များ စောင့်ရှောက်ရေးဆိုင်ရာ သံတမန်တာဝန်ကို လက်ခံထားတာမို့ အဲဒီလုပ်ငန်းတွေကိုလည်း လုပ်ကိုင်လျက်ရှိနေပါကြောင်း။ ။* *(အင်တာနက်)*

**မြင့်မောင်စိုး - ရေးသားသည်**

# ၂၀၁၈နှင့် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် အပြိုင်အဆိုင်လျှောက်ထား

**လန်ဒန် ဩဂုတ် ၁၉**

၂၀၁၀ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအပြီး ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပလိုသည့်နိုင်ငံများကို လျှောက်လွှာခေါ်ယူခဲ့ရာ နိုင်ငံပေါင်း ကိုးနိုင်ငံက ၂၀၁၈နှင့် ၂၀၂၂ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲများ ကျင်းပလိုကြောင်း အပြိုင်အဆိုင် လျှောက်ထားကြသည်။

**လျှောက်ထား**

ယင်းတို့မှာ ရုရှား၊ အင်္ဂလန်နှင့် အမေရိကန်နိုင်ငံတို့က ၂၀၁၈သို့မဟုတ် ၂၀၂၂ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို အိမ်ရှင်အဖြစ်လျှောက်ထားကြသည်။ သို့ရာတွင် နယ်သာလန်နှင့် ဘယ်လ်ဂျီယံ၊ စပိန်နှင့် ပေါ်တူဂီတို့က ယင်းနှစ်များတွင် ပူးတွဲအိမ်ရှင်အဖြစ်ကျင်းပလိုကြောင်း လျှောက်ထားကြသည်။

သို့သော်လည်း ဩစတြေးလျ၊ ဂျပန်၊ ကာတာနှင့် တောင်ကိုရီးယားနိုင်ငံတို့က ၂၀၂၂ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကိုသာ အိမ်ရှင်အဖြစ်လျှောက်ထားကြသည်။ အဆိုပါ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ်ကျင်းပခွင့်ရသည့် နိုင်ငံများကို ဖီဖာက ဒီဇင်ဘာ ၂ရက်တွင် ထုတ်ပြန်ကြေညာမည်ဟုဆိုသည်။ **(အင်တာနက်)**

# တိုက်စစ်မှူး အနယ်လ်ကာ ပြင်သစ်ဘောလုံးသမားအဖြစ်မှ ၁၈လပယ်ခံရ

**ပါရီ ဩဂုတ် ၁၉**



ချယ်လ်ဆီးတိုက်စစ်မှူး အနယ်လ်ကာအား ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ပြုမူခဲ့သည့် အပြုအမူအတွက် ပြင်သစ်ဘောလုံးအဖွဲ့ချုပ်က နိုင်ငံလက်ရွေးစင်အဖြစ်မှ ၁၈လကြာ ပယ်လိုက်သည်။

အသက် ၃၁နှစ်ရှိ အနယ်လ်ကာသည် တောင်အာဖရိကနိုင်ငံ၌ ကျင်းပခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် နည်းပြ ရေမွန်ဒိုမီနက်နှင့်စကားများပြီးနောက် ပြင်သစ်သို့ ပြန်သွားခဲ့သည်။

ပြင်သစ်အသင်းခေါင်းဆောင် ပက်ထရစ်အီဗရာကို ငါးပွဲပယ်လိုက်ပြီး ဖရန့်ရစ်ဘာရီကို သုံးပွဲပယ်လိုက်သည်။ ဂျယ်ရီမီကိုတော့ တစ်ပွဲပယ်ထားသည်။ **(အင်တာနက်)**

# မန်စီးတီးတိုက်စစ်မှူးဘယ်လာမီ ကာဒစ်သို့ တစ်နှစ်အငှားချထား

**လန်ဒန် ဩဂုတ် ၁၉**



မန်စီးတီးမှ ဝေလတိုက်စစ်မှူး ခရိတ်ဘယ်လာမီသည် ၎င်း၏ မြို့ခံကလပ် ကာဒစ်စီးတီးသို့ တစ်နှစ်အငှား သွားရောက်ကစားရမည် ဖြစ်ကြောင်း မန်စီးတီးကပြောကြားသည်။

**သဘောတူညီ**

တိုက်စစ်မှူးဘယ်လာမီသည် ချန်ပီယံရှစ်ကလပ် ကာဒစ်စီးတီးသို့ တစ်နှစ်အငှားကစားရန် သဘောတူညီထားပြီးဖြစ်ကြောင်း မန်စီးတီးဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

ဘယ်လာမီသည် လွန်ခဲ့သော ၁၆လက မန်စီးတီးသို့ ဝက်စ်ဟမ်းမှ ပေါင် ၁၄သန်းဖြင့် ပြောင်းရွှေ့လာခြင်းဖြစ်သည်။ အသက် ၃၁နှစ်ရှိ ဘယ်လာမီသည် လက်ရှိ ဝေလအသင်း၏ အသင်းခေါင်းဆောင်ဖြစ်ပြီး စပါးအသင်းမှ ခေါ်ယူရန်ဆက်သွယ်ထားသူလည်းဖြစ်သည်။ **(အင်တာနက်)**

# ကွင်းလယ်ကစားသမား အိုဇီးလ် ရီးရဲမက်ဒရစ်သို့ ပြောင်းပြီ



**ဘာလင် ဩဂုတ် ၁၉**

ဂျာမနီ ဘွန်ဒက်စ်လီဂါကလပ် ဝါဒါဘရီမင်အသင်းမှ ကွင်းလယ်ကစားသမား မီဆွတ်အိုဇီးလ်သည် စပိန်ကလပ် ရီးရဲမက်ဒရစ်နှင့် စာချုပ်ရန် ဝါဒါဘရီမင်မှ ထွက်ခွာသွားပြီ ဖြစ်သည်။

ကွင်းလယ်ကစားသမား အိုဇီးလ်သည် ပြီးခဲ့သည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဂျာမနီအသင်း တတိယရရှိအောင်ကြိုးပမ်းရာတွင် အဓိက ကစားသမားအဖြစ် ပါဝင်ကစားခဲ့သည်။ ၎င်းသည် တိုက်စစ်ဖန်တီးမှု အားကောင်းသည့် ကွင်းလယ်ကစားသမားဖြစ်သည်။

**သွင်းယူ**

အသက် ၂၁နှစ်အရွယ်ရှိ အိုဇီးလ်သည် ၂၀၀၈ခုနှစ် ဇန်နဝါရီလက ရှော်လ်ကေး အသင်းမှ ဝါဒါဘရီမင်အသင်းသို့ ရောက်ခဲ့ပြီး ပွဲပေါင်း ၇၁ပွဲကစားရာတွင် ၁၂ဂိုး သွင်းယူပေးနိုင်ခဲ့သည်။ **(အင်တာနက်)**

# ကယားပြည်နယ်ဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့် မိုးစပါးစိုက်ပျိုးမှု ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဩဂုတ် ၁၉**

ကယားပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးချုပ်ဝင်းမြင့်သည် ဩဂုတ် ၆ရက် နံနက်ပိုင်းက ဒီမောဆိုမြို့နယ် ငွေတောင်စိုက်ကွင်းသို့ ရောက်ရှိရာ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာနှင့် တာဝန်ရှိသူများက မိုးစပါး စိုက်ပျိုးပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ပြည်နယ်ဥက္ကဋ္ဌသည် မိုးစပါးစိုက်ပျိုးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

## ကြည့်ရှုစစ်ဆေး

ထို့မှတစ်ဆင့် ဟိုဖိတ်ကျေးရွာရှိ တောင်သူများ၏ မိုးစပါးစိုက်ခင်းများနှင့် ရာသီသီးနှံစိုက်ခင်းများ ရေလုံလောက်စွာ ရရှိမှု အခြေအနေ၊ လွိုင်ကော်မြို့ အမှတ်(၄)အခြေခံပညာအထက်တန်းကျောင်း၌ သင်ကြား၊ စီမံကိန်းများအခြေအနေ၊ စာသင်ဆောင်များ အခြေအနေနှင့် ပညာသင်ကြားနေမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



H5N1 ဟောပြောခြင်းနှင့် သရုပ်ပြသီဆိုမှုများကို လှည့်လည်ကြည့်ရှုအားပေးရာ ကျောင်းကျန်းမာရေး ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ရှင်းလင်းတင်ပြကြပြီး လိုအပ်သည်များကို ဆွေးနွေးခဲ့ကြသည်။ **(အပေါ်ပုံ)** (ဝ၉၁)

# ကျောင်းကျန်းမာရေးသီတင်းပတ်ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၉**

ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဘိုဝင်းသည် ဩဂုတ် ၉ရက်နံနက်က နေပြည်တော် တပ်ကုန်းမြို့နယ် မကျီးပင်အခြေခံပညာအလယ်တန်းကျောင်းခွဲသို့ ရောက်ရှိပြီး ၂၀၁၀-၂၀၁၁ ပညာသင်နှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများဖြစ်သည့် ကျောင်းသား ကျောင်းသူများအား အာဟာရ ကျွေးမွေးမှု၊ သန့်ချဆေးတိုက်ကျွေးမှု၊ ကျောင်းကျန်းမာရေးပညာပေးဟောပြောမှုနှင့် နံရံကပ်စာစောင် ခင်းကျင်းပြသထားမှု၊ ဆေးဖက်ဝင်အပင်များအကြောင်း ရှင်းလင်းမှု၊ အရပ်တိုင်းခြင်း၊ ပေါင်ချိန်ခြင်း ဆောင်ရွက်နေမှု၊ သန့်ငါးသန့်နှင့် လက်ဆေးခြင်း အဆင့်ဆင့်၊

# မြို့နယ်သတင်းထွေတလာ



# တနင်္သာရီတိုင်း ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်း ဗိုလ်လုပွဲကျင်းပ

**မြိတ် ဩဂုတ် ၁၀**

တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌဖလား မြို့နယ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၃ရက် ညနေ ၃နာရီက မြိတ်မြို့၌ ကျင်းပခဲ့သည်။ ရှေးဦးစွာ ဗိုလ်လုပွဲကို မြိတ်မြို့နယ် (က)အသင်းနှင့် (ခ)အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြိတ်မြို့နယ် (က) အသင်းက နှစ်ပွဲပြတ်ဖြင့် အနိုင်ရရှိ သည်။

ယင်းနောက် ဆုချီးမြှင့်ပွဲကျင်းပရာ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲနှင့် အမျိုးသား နှစ်ယောက်တွဲ၊ သုံးယောက်တွဲပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယရရှိသော အသင်းများအား လည်ဆွဲဆုနှင့် ငွေသားဆုများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

## ဆုချီးမြှင့်

ဆက်လက်၍အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပထမဆုရရှိသောအသင်းကို တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး၏ဇနီး ဒေါ်ခင်သန်းဌေးက တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ ထို့နောက် အမျိုးသား နှစ်ယောက်တွဲနှင့် သုံးယောက်တွဲပြိုင်ပွဲတို့တွင် ပထမရရှိသော မြိတ်မြို့နယ်အသင်းကို တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးရဲအောင်နိုင်က တံခွန်စိုက်ဆုဖလား ပေးအပ်ချီးမြှင့်သည်။ **(အပေါ်ပုံ)** **(တိုင်း ပြန်/ဆက်)**

# သစ်သီးဖျော်ရည်နှင့် ယိုမျိုးစုံသင်တန်းဖွင့်မည်

**တောင်ကြီး ဩဂုတ် ၁၇**

သမဝါယမဝန်ကြီးဌာန အိမ်တွင်းစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန အထက်မြန်မာပြည်ရုံးခွဲ မန္တလေးမှ တောင်ကြီးမြို့တွင် (၃၅)ကြိမ်မြောက် သဘာဝသစ်သီးဖျော်ရည်နှင့် သစ်သီးယိုမျိုးစုံထုတ်လုပ်နည်းသင်တန်း ဖွင့်လှစ်မည်ဖြစ်သည်။ သင်တန်းကို ဩဂုတ်၂၆ရက်မှ စက်တင်ဘာ ၁ရက်အထိ နေ့စဉ် နံနက် ၉နာရီမှ ညနေ ၅နာရီအထိ သင်ကြားပေးမည် ဖြစ်ကြောင်းနှင့် သင်တန်းတက်ရောက်လိုသူများအနေဖြင့် အထက်တန်း ရက်ကန်းကျောင်း ရေအေးကွင်းရပ် အရှေ့မြို့ပတ်လမ်း တောင်ကြီးမြို့ ဖုန်း-၀၈၁-၂၁၆၁၄ သို့ ဆက်သွယ်စာရင်းပေးသွင်း စုံစမ်းနိုင်ကြောင်း သိရသည်။

**(တောင်ကြီး/ကိုယ်ပွား)**

**သီပေါမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြန်မာရပ်ကွက် သီရိမင်္ဂလာလမ်း ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၂၉ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအုန်းသွင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးသိန်းထိုက်ဦး ရှင်းလင်းတင်ပြစဉ်။** (မြို့နယ်စည်ပင်)



# မအူပင်မြို့နယ်အသင်း(ရန်ကုန်) စုပေါင်းလှူဒါန်းမည်

**နေပြည်တော် ဩဂုတ် ၁၉**

မအူပင်မြို့နယ်အသင်း(ရန်ကုန်)၏ ဒသမအကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲကို ဩဂုတ် ၂၈ရက် နံနက် ၉နာရီတွင် ရွှေတိဂုံစေတီတော် မြောက်ဘက်မုခ်အနီးရှိ နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန မွှောရုံ၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်မိသားစုများနှင့် မြို့နယ်သူ မြို့နယ်သားများ စုပေါင်းလှူဒါန်းပွဲသို့ တက်ရောက်ကြရန်နှင့် ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းအစုစုကို ဒေါ်ခင်ခင်ရီ ဖုန်း-၅၁၀၆၂၄၊ ဦးမြစိုး ဖုန်း-၅၂၇၁၈၂၊ ဦးတင်ငြိမ်း ဖုန်း-၅၄၀၇၅၂၊ ဦးမြင့်သိန်း ဖုန်း-၀၉-၈၆၂၅၅၆၄ နှင့် ဦးစိန်မြင့် ဖုန်း-၅၆၅၅၇၀ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်မောင်းများအား အသိပညာပေးဟောပြော

**နေပြည်တော် ဩဂုတ် ၁၉**

နေပြည်တော်ရှိ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဌာနချုပ်နှင့် တပ်ဖွဲ့အသီးသီးမှ ယာဉ်မောင်းများအား ယာဉ်အန္တရာယ်လျှော့နည်းကျဆင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ရက်နှင့် ၁၅ရက်တို့တွင် နံနက် ၉နာရီမှ ၁၁နာရီခွဲအထိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ ဌာနချုပ် အရိန္ဒမာခန်းမ၌ ကျင်းပခဲ့ရာ ယာဉ်ထိန်းတပ်ဖွဲ့မှ ဌာနခွဲမှူး ရဲမှူး မျိုးညွန့်ဦးက ဟောပြောပြီး ယာဉ်မောင်း ၄၄ဦးတို့ တက်ရောက်ကြသည်။

အဆိုပါ ဟောပြောပွဲတွင် ပဏာမ ဆန်းစစ်ချက် မေးခွန်းလွှာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မေးခွန်းများ (ဆန်းစစ်ချက်)ကို ဖြေကြားစေပြီး ယာဉ်မမောင်းမီ မိမိယာဉ်ကို စစ်ဆေးရမည့်အချက်များ၊ ယာဉ်မောင်းသူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ မော်တော်ယာဉ်မောင်းနှင်စဉ် လိုက်နာရမည့် အချက်များနှင့် ယာဉ်တိုက်မှု အမှား/အမှန်များကို ချပြရှင်းလင်းကာ ပညာပေးဓာတ်လမ်းတိုများကို ပါဝါပွိုင့်ဖြင့် ပြသခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



# ပလတ်စတစ်ပိုက်ဖြင့် စပါးပျိုးထောင်ခြင်းပြပွဲ ကနီမြို့၌ကျင်းပ

**ကနီ ဩဂုတ် ၁၀**

စစ်ကိုင်းတိုင်း ကနီမြို့နယ် အမှတ်(၁) ရပ်ကွက်တောင်သူကြီးဦးမြဖေလယ်ကွင်းတွင် ပလတ်စတစ်ဆန်ခါပိုက်ဖြင့်စပါးပျိုးထောင်ခြင်း နည်းစနစ်ပြပွဲကို ဇူလိုင် ၃၀ရက် နံနက် ၉နာရီက ကျင်းပသည်။ **(အပေါ်ပုံ)**

## သရုပ်ပြသ

အဆိုပါအခမ်းအနားတွင် မြို့နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးတင်မောင်အေးက ပလတ်စတစ် ဆန်ခါပိုက်ဖြင့် စပါးပျိုးထောင်မှုစနစ်၊ တောင်သူများ ပျိုးနုတ်လွယ်ကူမှုနှင့် လုပ်ငန်းသက်သာမှုရှိပြီး သန်မာဖြစ်ထွန်းသော ပျိုးပင်ရရှိမှုနှင့် တစ်ဧက စပါးမျိုးရစ်ပြည် ကုန်ကျစရိတ်သက်သာမှုများကို ရှင်းလင်းဆွေးနွေး သရုပ်ပြသသည်။

## လာရောက်လေ့လာ

ယင်းအခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းစိုးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တောင်သူ စုစုပေါင်း ၃၅၀ လာရောက်လေ့လာကြသည်။ **(မြို့နယ် ပြန်/ဆက်)**

# ငွေချည်(၆) ချည်မျှင်ရှည်ဝါထုတ်လုပ်မှုတိုးတက်ရေး အောင်လံ၌ ပညာပေးဆွေးနွေး



**အောင်လံ ဩဂုတ် ၁၈**

သရက်ခရိုင် ဝါနှင့်ပိုးချည်လုပ်ငန်း၏ ငွေချည်(၆) ချည်မျှင်ရှည်ဝါ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၁၅ရက် နံနက်က အောင်လံမြို့ ခရိုင်မျိုးသန့် ဝါကြိတ်စက်ရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် မြို့နယ်အတွင်းရေးမှူး ဦးစိုးနိုင်က အမှာစကားပြောကြားပြီး ဝါနှင့်ပိုးချည်လုပ်ငန်းရုံးချုပ်မှ အထွေထွေမန်နေဂျာ (တိုးချဲ့စိုက်) ဦးမြင့်ဆွေ **(အပေါ်ပုံ)**နှင့် ပညာရှင်သုံးဦးတို့က ဓာတ်ပုံကားချပ်များဖြင့် လက်တွေ့ပြသ ပညာပေးဆွေးနွေးခဲ့ကြသည်။

## တက်ရောက်

အဆိုပါ သင်တန်းသို့ ဝါနှင့်ပိုးချည်လုပ်ငန်း မကွေးတိုင်းမန်နေဂျာ ဦးစိန်လင်း၊ သရက်ခရိုင်မန်နေဂျာ ဦးဝင်းမြင့်၊ မြို့နယ်မန်နေဂျာများ၊ ရှေ့တန်းမှူးများနှင့် ကွင်းဝန်ထမ်းများ စုစုပေါင်း ၂၇ဦး တက်ရောက်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**



ရေနံချောင်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ရေပေးရေး အထောက်အကူပြု ပင်မလိုင်းခွဲနှင့် အိမ်သွယ်ရေတိုင်များ တပ်ဆင်ဆောင်ရွက်နေမှုကို ဇူလိုင် ၃၁ရက်က မကွေးတိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်း ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးမြင့်လွင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးလှထွေးတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

## ပြည်သူ့ဆန္ဒ သဘောထား

- တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
- ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
- ဆူပူအကြမ်းဖက်မှုကို မလိုလား။
- ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ- ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား- နားမယောင်လေနဲ့ သတိထား။




မော်လမြိုင်ကျွန်း-ရန်ကုန် ခရီးသည်ပို့ဆောင်ရေး မှန်လုံအမြန်ယာဉ်တစ်စီး ရာဇူဒိုင်တံတားအမှတ်(၁)ပေါ်မှ ဖြတ်သန်းမောင်းနှင်ခြင်းဖြင့် ရာဇူဒိုင်မြစ်ကို ဤသို့ အလွယ်တကူ ဖြတ်သန်းနိုင်ခဲ့ကြပြီ။

## ရာဇူဒိုင်၊ မော်လမြိုင်ကျွန်း၊ လက်ခုပ်သံနှင့် လှိုင်းပုတ်သံများ

သတင်းဆောင်းပါး - တင်ထွေး (သတင်းစဉ်)၊ ဓာတ်ပုံမှတ်တမ်း - ကိုထွေး၊ စာမျက်နှာဖွဲ့စည်းမှု - ယဉ်ယဉ်အေး (မြန်မာ့အလင်း)

နေပြည်တော် ဩဂုတ် ၁၉

တသွင်သွင်စီးဆင်းလျက်ရှိသော ရာဇူဒိုင်မြစ်....။ မော်လမြိုင်ကျွန်းမြို့ကို ရစ်ခွေစီးဆင်းနေသော ရာဇူဒိုင်မြစ်သည် ရေစီးညင်သာသော်လည်း မြစ်ပြင် ကျယ်ပြောသည်။ မိုးရာသီ ဧရာဝတီမြစ်ရေတိုးချိန်၌ ပုံမှန်ထက် ခြောက်ပေခန့် မြစ်ရေတက်ပြီး နွေရာသီတွင် ပုံမှန်ထက် ခြောက်ပေခန့် မြစ်ရေကျလေ့ရှိသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ✻


မြန်မာ့အလင်း နိုင်ငံတကာသတင်းအညွှန်း

၂၀၁၀ လူငယ်အိုလံပစ် အားကစားပြိုင်ပွဲ ဆက်လက်ယှဉ်ပြိုင် (စာ - ၁၂)



ရေမဖရုံသီးကြီးများ (စာ - ၄)



တရုတ်အနုပညာငွေကြယ်ပွင့် ကျန်ဇီယီ (စာ - ၁၂)



၂၀၁၈ နှင့် ၂၀၂၂ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အိမ်ရှင်အဖြစ် အပြိုင်အဆိုင်လျှောက်ထား (စာ - ၁၂)


## မြစ်ရေ ကြီးခြင်းသတိပေးချက်

နေပြည်တော် ဩဂုတ် ၁၉

ဒုဋ္ဌဝတီမြစ်ရေသည် ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ မြစ်ငယ်မြို့တွင် ၈၂၉ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် ယနေ့ မွန်းတည့်မှ နောက် ၂၄နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၈၇၀ စင်တီမီတာသို့ ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)